ဓမ္မစရိယာ စ
တေံ မင်္ဂလ မုတ္တမံ။

ကောင်းမြတ်သော သုစရိုက်တရားတို့ကို ကျင့်ခြင်း
သည် မြတ်သော မင်္ဂလာ မည်၏။

ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ပထမဝါဆိုလပြည့်ကျော် ၁၄ရက်၊ ကြာသပတေးနေ့၊ (15-7-2004)(၄၂၉၅)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကျေးသီးမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း သင်ကြားမှုသင်ယူမှု အထောက်အကူပြု စာသင်ခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ မြို့နယ်များအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များ ဖြည့်ဆည်းပေး

ရန်ကုန် ဇူလိုင် ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ဇူလိုင် ၆ရက် မွန်းလွဲ ၁နာရီတွင် လားရှိုးမြို့မှ ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် ဝမ်ဟိုင်းဒေသသို့ ရဟတ်ယာဉ်ဖြင့်ရောက်ရှိရာ မိုင်းနောင်တပ်နယ်မှ ဗိုလ်မှူးကြီးသောင်းအေး၊ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးဟန်မြင့်နှင့် ဒေသခံ တိုင်းရင်းသားခေါင်းဆောင်များက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဝမ်ဟိုင်းရှိ စဝ်ဆေနွံခန်းမ၌ တာဝန်ရှိသူများ၊ ဒေသခံ တိုင်းရင်းသားခေါင်းဆောင်များနှင့် တွေ့ဆုံရာ ဒေသဖွံ့ဖြိုးရေးတာဝန်ခံ ဦးကောင်တိုင်းနှင့် ဦးစိုင်းဆူတို့က ဝမ်ဟိုင်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို ညှိနှိုင်းစီစဉ် ဆောင်ရွက်ပေးပြီး ဝမ်ဟိုင်းဒေသ တွဲဖက်အခြေခံပညာအလယ်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်ကို ပေးအပ်သည်။

ထို့နောက် အတွင်းရေးမှူး(၁)သည် ဝမ်ဟိုင်းဒေသ တိုင်းရင်းသားခေါင်းဆောင် စဝ်ပန်ဖအား အမှတ်တရ လက်ဆောင်ပေးအပ်ပြီး တိုင်းရင်းသားခေါင်းဆောင် စဝ်ပန်ဖကလည်း အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား လက်ဆောင်ပစ္စည်းများကို ဂါရဝပြု ပြန်လည်ပေးအပ်သည်။

ယင်းနောက် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် ဒေသခံ ခေါင်းဆောင်များနှင့် စုပေါင်း ဓာတ်ပုံရိုက်ကြသည်။

ကျေးသီးမြို့

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် ကျေးသီးမြို့သို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြရာ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❁

မြန်မာနိုင်ငံ ကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မိုင်းကိုင်မြို့နယ် ပြည်သူ့ဆေးရုံ အဆောက်အအုံသစ် ဖွင့်ပွဲတွင် ကျန်းမာရေးဝန်ထမ်းများ၊ ဒေသခံ တိုင်းရင်းသား၊ တိုင်းရင်းသူများနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၅-၇-၂၀၀၄
(ကြာသပတေးနေ့)

နိုင်ငံတော်၏ ဖြည့်ဆည်းပေးမှုများအသုံးပြု ဒေသပိုမိုဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းအားထုတ်

မြန်မာနိုင်ငံသည် ပြည်ထောင်စုတိုင်းရင်းသားများဖြင့် ဖွဲ့စည်းနေထိုင်လျက်ရှိသော ပြည်ထောင်စုနိုင်ငံတော်ကြီးဖြစ်သည်။ နိုင်ငံတော်အစိုးရက ပြည်ထောင်စုတစ်ဝန်း နယ်မြေဒေသ အစိတ်အပိုင်းများအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားပြည်သူများအားလုံး ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များ ရရှိခံစားနိုင်စေရေး အလေးထား စီမံဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် အဖွဲ့ဝင်များလိုက်ပါလျက် ဇူလိုင်လ ၃ရက်နှင့် ၄ရက်နေ့များက ရှမ်းပြည်နယ်(မြောက်ပိုင်း) ခရီးစဉ်အတွင်း လားရှိုးမြို့၊ မိုင်းရယ်မြို့၊ တန့်ယန်းမြို့၊ ကွမ်းလုံမြို့နှင့် ကွတ်ခိုင်မြို့နယ် ကောင်းခါးမြို့သစ်တို့သို့သွားရောက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်သူများအား လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် လားရှိုးမြို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ ဆင်းရွှေလီအထူးအထွက်တိုး စပ်မျိုးစပါးသုတေသနစိုက်ခင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဟူးမွန်ဆည်ရေသောက် ဧရိယာရှိ မျိုးစေ့ထုတ်စိုက်ကွင်း၌ ကျင်းပသည့် ဆင်းရွှေလီ စပ်မျိုးစပါး ဧက ၁၀၀၀အတွက် ဆင်းရွှေလီစပ်မျိုးစပါး F1 မျိုးစေ့ချပွဲတော်သို့ တက်ရောက်အားပေးခဲ့သည်။

ဆင်းရွှေလီစပ်မျိုးစပါးကို လွန်ခဲ့သည့်နှစ် မိုးရာသီတွင် ၁၂ဧက၊ နွေရာသီတွင် ဧက ၁၂၀စိုက်ပျိုးခဲ့ရာ တစ်ဧကလျှင် ၁၈၉ တင်းအထိ အထွက်နှုန်းရရှိခဲ့ကြောင်းသိရသည်။ အထွက်နှုန်းကောင်းသော စပါးမျိုးဖြစ်၍ ဒေသဝမ်းစာဖူလုံမည့်အပြင် စိုက်ပျိုးသူ တောင်သူလယ်သမားများ ဝင်ငွေတိုးအကျိုးရှိနိုင်သဖြင့် ယခုနှစ်မိုးရာသီတွင် ဧက ၁၀၀၀ တိုးချဲ့စိုက်ပျိုးရေး စီစဉ်လျက်ရှိသည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ခရီးစဉ်အတွင်း မိုင်းရယ်မြို့သို့ရောက်ရှိစဉ် ပြည်ထောင်စုခန်းမတွင် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ၌ **မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ နိုင်ငံတော်၏ ဖြည့်ဆည်းအထောက်အကူပေးမှုများကို ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ဝန်ထမ်းများက ထိထိရောက်ရောက် အသုံးပြု၍ ဒေသဖွံ့ဖြိုးတိုးတက်သည်ထက် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးကြိုးစားစား အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်** မှာကြားခဲ့သည်။

နိုင်ငံတော်က ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားပြည်သူများ ဆက်သွယ်သွားလာမှု လွယ်ကူစေရေးအတွက် နိုင်ငံတော်တစ်ဝန်း၌ လမ်း၊ တံတားပေါင်းများစွာကို တည်ဆောက်ပေးလျက်ရှိသည်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင်လည်း တန့်ယန်း-မိုင်းကောင်-မိုင်းရှူးလမ်းကို အဆင့်မြှင့်တင် ဖောက်လုပ်လျက်ရှိသည်။

တန့်ယန်း-မိုင်းကောင်-မိုင်းရှူးလမ်းမှာ ၅၅မိုင်ရှိပြီး အမာခံကျောက်လမ်း အမျိုးအစားဖြစ်သည်။ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် လမ်းတိုးချဲ့နိုင်ရေးအတွက် စက်ယန္တရားများဖြင့် ဆောင်ရွက်လျက်ရှိသည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)ခရီးစဉ်အတွင်း ရောက်ရှိခဲ့သည့်မြို့နယ်များရှိ အခြေခံပညာအထက်တန်းကျောင်းများအတွက် သင်ထောက်ကူပစ္စည်းများ၊ ဆရာ၊ ဆရာမများအတွက် ကျောင်းဝတ်စုံများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ်များကို ပေးအပ်ခဲ့သည်။

ထို့အပြင် ကွတ်ခိုင်မြို့နယ် ကောင်းခါးမြို့သစ်တွင် တိုက်နယ်ဆေးရုံအတွက် ဓာတ်မှန်ရရှိရေး၊ မြို့သောက်သုံးရေရရှိရေးအပါအဝင် ဖွံ့ဖြိုးရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့သည်။

ယခုအခါ ပြည်ထောင်စုတစ်ဝန်း နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ တိုင်းရင်းသားပြည်သူများ၏ စည်းလုံးညီညွတ်သောစွမ်းပကားဖြင့် ကဏ္ဍအလိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်၌ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ဖြစ်ထွန်းရရှိနေပြီဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက နယ်မြေဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းအထောက်အကူပေးမှုများကို ဒေသခံပြည်သူများနှင့် ဝန်ထမ်းများက ထိရောက်စွာအသုံးပြုပြီး မိမိဒေသ၊ မိမိမြို့ရွာပိုမိုဖွံ့ဖြိုးတိုးတက်သည်ထက် တိုးတက်စေရေး ကြိုးပမ်းအားထုတ်ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းဆက်ကပ်

ရန်ကုန် ဇူလိုင် ၁၄

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၅နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် ကံမြင့်ကျောင်းတိုက်၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ တက်ရောက်ကြည်ညိုကြသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို စမ်းချောင်းမြို့နယ် ကံမြင့်ကျောင်းတိုက်၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့က ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။
(ရန်ကုန်တိုင်း)

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ အောင်မြေဘုံစံဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသ အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး အမှတ်(၃) စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ အလှူရှင်များ၊ တပည့် ဒါယကာ၊ ဒါယိကာမများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အောင်မြေဘုံစံ ဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသ အမှူးပြုသော ဆရာတော်ကြီးများအား တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ၊ တပည့်ဒါယကာ၊ ဒါယိကာမများက အရုဏ်ဆွမ်းဆက်ကပ်ကြသည်။

ထို့နောက် အခမ်းအနားကို နမော တဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သရက်ဆရာတော် ဘဒ္ဒန္တကေသရထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများက မေတ္တာသုတ် အစချီသော ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဇနီး ဒေါ်ခင်သက်ဌေးနှင့် တာဝန်ရှိသူများက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မန္တလေးမြို့ ဝိဇိတာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အာဆီယံကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံကုန်စည်ပြပွဲ မြန်မာစီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်နိုင်

ရန်ကုန် ဇူလိုင် ၁၄

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် ၂၀၀၄ခုနှစ် အောက်တိုဘာ ၆ရက်မှ ၁၀ရက်အထိ အာဆီယံကုန်စည်ပြပွဲ (ATF 2004) ပြပွဲကိုလည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Nanning Guangxi, Zhuang မြို့များတွင် ၂၀၀၄ခုနှစ် နိုဝင်ဘာ ၃ရက်မှ ၇ရက်အထိ တရုတ်-အာဆီယံ ကုန်စည်ပြပွဲကိုလည်းကောင်း ကျင်းပမည်ဖြစ်သည်။

အဆိုပါပြပွဲများသို့ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ကကြီးမှူး၍ ပါဝင်ပြသ တက်ရောက်မည်ဖြစ်၍ ဖော်ပြပါပြပွဲများသို့ ပါဝင်တက်ရောက်လိုသော မြန်မာစီးပွားရေးလုပ်ငန်းရှင်များသည် ၂၀၀၄ခုနှစ် ဇူလိုင် ၂၅ရက် နောက်ဆုံးထား၍ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အမှတ်(၅၀၄/၅၀၆) ကုန်သည်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်သည်။ (သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

ဇူလိုင် ၁၄ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း ပြင်သစ်နိုင်ငံ အမျိုးသားနေ့ အထိမ်းအမှတ် ညစာစားပွဲသို့ တက်ရောက်လာရာ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံ သံအမတ်ကြီး H.E.Jean Michel Lacombe က ကြိုဆိုနှုတ်ဆက်စဉ်။
(သတင်းစဉ်)

လှူဒါန်း

အမှတ်(၄၁/၁၂) အင်းယားမြိုင်လမ်း ဗဟန်းမြို့နယ်နေ ဦးမောင်မောင်လှ-(ဒေါ်ခင်မြ) သားသမီးမြေးတစ်စုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ဇူလိုင် ၆ရက်က ထာဝရဆေးနှင့် ငွေပဒေသာပင်တို့အတွက် အလှူတော်ငွေကျပ် ၅၂၀၀၀၀လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင် လက်ခံယူစဉ်။ (က-ပ)

ဇူလိုင် ၆ ရက်က အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့တွင် လမ်းဘေးဗုံး ထိမှန်ပေါက်ကွဲပျက်စီးသွားသည့် ကားတစ်စီးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗြိတိန်တွင် ပညာသင်ကြားနေသည့် အမေရိကန်ကျောင်းသားများ ဘုရှ်ကို ဝေဖန်ပြစ်တင်ထားသည့် အိတ်ဖွင့်ပေးစာ ထုတ်ပြန်

လန်ဒန် ဇူလိုင် ၁၃

ဗြိတိန်တက္ကသိုလ်တွင်ပညာသင်ကြားနေကြသော အမေရိကန် ကျောင်းသားများသည် သမ္မတဘုရှ်အပေါ် ဝေဖန်ပြစ်တင်ထားသော အိတ်ဖွင့်ပေးစာတစ်စောင်ကို တနင်္လာနေ့က ထုတ်ပြန်လိုက်သည်။

အမေရိကန် သမ္မတ ဂျော့ဂျ်၊ ဘုရှ်၏ နိုင်ငံခြားရေးရာ မူဝါဒများကြောင့် ပြည်ပရောက် အမေရိကန် နိုင်ငံသားများ၏ လုံခြုံရေး ထိခိုက်နေကြောင်း အိတ်ဖွင့် ပေးစာတွင် ဖော်ပြထားသည်။

လက်မှတ်ရေးထိုး

ဗြိတိန်ရောက် အမေရိကန် ကျောင်းသား ၂၀၀ ကျော်သည် ၎င်းတို့၏ အိတ်ဖွင့်ပေးစာကို လက်မှတ်ရေးထိုးထားကြသည်။ ထိုစာကို သိက္ခာဆယ်တင်ရေးအုပ်စုဟု အမည်ပေးထားသောအုပ်စုက ရေးသားပြုစုခြင်းဖြစ်ပြီး ဂြိုဟ်တုဝက်ဘ်ဆိုက်ပေါ်တွင် စာသားများကို ရေးသားထုတ်လွှင့်ထားသည်။ ထိုအုပ်စုက အမေရိကန်နှင့် ယင်း၏ အစဉ်အလာ မဟာမိတ်များအကြား ဖြစ်ပေါ်နေသော ဝိရောဓိများနှင့် ပတ်သက်၍လည်း သတိပေးဖော်ပြထားသည်ဟု ဆိုသည်။

ရပ်တည်

စက်တင်ဘာ ၁၁ ရက် ကိစ္စပေါ်ပေါက်ပြီးချိန်ကာလက အမေရိကန်နှင့် မဟာမိတ်များသည် နီးကပ်စွာ စည်းလုံးရပ်တည်ခဲ့ကြသည်။မျက်မှောက်ကာလတွင်မူကျွန်ုပ်တို့၏ မဟာမိတ်များသည် ကျွန်ုပ်တို့နှင့် ခပ်ခွာခွာ ဖြစ်လာကြပြီး ကျွန်ုပ်တို့ လုပ်ဆောင်မှုများကြောင့် ဖြစ်ပေါ်လာမည့် အကျိုးဆက်များအပေါ်၌လည်း စိုးရိမ်မကင်း ဖြစ်လျက်ရှိလာကြသည်ဟု ဖော်ပြထားသည်။

ခံစားသိမြင်

အမေရိကန် လုပ်ဆောင်ချက်များတွင် မောက်မာခက်ထန်မှုများ ပါရှိနေသည်ကို မိမိတို့ ခံစားသိမြင်နေကြရသည်။ ထိုလုပ်ရပ်များကြောင့် ပြည်တွင်းနှင့် ပြည်ပရှိ အမေရိကန်နိုင်ငံသားများ၏ လုံခြုံရေးကို အကျိုးမပြုစေသည့်အပြင် အကျိုးပင်ယုတ်စေကြောင်း သိမြင်ရသည်ဟု ထိုစာတွင် ရေးသားထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်တွင် တာဝန်ထမ်းဆောင်မည့် ကုလသမဂ္ဂသံတမန် ကုလအတွင်းရေးမှူးချုပ်က ရွေးချယ်

ကုလသမဂ္ဂ ဇူလိုင် ၁၃

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်သည် ပါကစ္စတန်နိုင်ငံဆိုင်ရာ ကိုယ်စားလှယ်ကို အီရတ်တွင် တာဝန်ထမ်းဆောင်မည့် ကုလသမဂ္ဂ သံအမတ်ကြီးအဖြစ် တာဝန်ပေးရန် ရွေးချယ်လိုက်ပြီ ဖြစ်ကြောင်း သိရသည်။

တာဝန်ထမ်းဆောင်

အရွေးချယ်ခံရသူ ပါကစ္စတန် သံတမန်မှာ အတွေ့အကြုံရင့် သံတမန်တစ်ဦးဖြစ်သည်။ ၎င်း၏ အမည်မှာ အာရှရပ်ဂျီဟန်ဂီရာကာဇီဖြစ်သည်။ မစ္စတာကာဇီသည် အိန္ဒိယ၊ တရုတ်၊ ရုရှား၊ အရှေ့ဂျာမနီနှင့် ဆီးရီးယားနိုင်ငံများတွင် ပါကစ္စတန်နိုင်ငံကို ကိုယ်စားပြုသည့် သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်သည်။

ရှာဖွေ

ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂဌာနချုပ်တွင် ၂၀၀၃ ခုနှစ် ဩဂုတ်လက ဗုံးဖောက်ခွဲအတိုက်ခိုက်ခံခဲ့ရသည့်အတွက် အီရတ်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ သံကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်ဆာဂျီယိုဗီရာဒီမဲလိုသေဆုံးခဲ့သည်။ ထိုအချိန်မှစ၍ အီရတ်တွင် တာဝန်ယူမည့် ကုလသမဂ္ဂ သံအမတ်နေရာကို ကိုဖီအာနန်က ရှာဖွေနေခဲ့ရသည်။ ၎င်းတာဝန်ကိုယူရန် ပုဂ္ဂိုလ်အများအပြားက မူလအစတွင် သဘောတူခဲ့ကြသည်။ ထို့နောက်ပိုင်းတွင် မိသားစုများက ကန့်ကွက်ကြသဖြင့် တာဝန်ကို ငြင်းဆိုခဲ့ကြခြင်း ဖြစ်ကြောင်းသိရသည်။

ရုပ်သိမ်း

အီရတ်ရှိ ကုလသမဂ္ဂရုံးချုပ်ကို ၂၀၀၃ ခုနှစ် အောက်တိုဘာလတွင် ဒုတိယအကြိမ် ဗုံးခွဲအတိုက်ခိုက်ခံရပြန်သည်။ ထိုအချိန်မှစ၍ ဘဂ္ဂဒက် ကုလသမဂ္ဂရုံးရှိ အပြည်ပြည်ဆိုင်ရာ ဝန်ထမ်းများကို ကိုဖီအာနန်က ပြန်လည်ရုပ်သိမ်းခဲ့သည်။

ပူးပေါင်းညှိနှိုင်း

ယခု အသစ်တာဝန်ပေး ခန့်အပ်လိုက်သော အီရတ်ဆိုင်ရာ ကုလသမဂ္ဂ သံကိုယ်စားလှယ်အဖွဲ့သည် ဘဂ္ဂဒက်တွင်ရုံးထိုင်ပြီး အီရတ်နိုင်ငံ အခြေခံဥပဒေရေးဆွဲရေး၊ ရွေးကောက်ပွဲကျင်းပရေး၊ လူသားချင်း စာနာသော အကူအညီများပေးရေးနှင့် နိုင်ငံပြန်လည်တည်ဆောက်ရေး လုပ်ငန်းများတွင် ပါဝင်ပူးပေါင်းညှိနှိုင်းဆောင်ရွက်မည့် အခန်းကဏ္ဍများ၌ တာဝန်ယူလုပ်ဆောင်လိမ့်မည်ဟု ဆိုသည်။

အင်တာနက်။

အီရတ်နှင့် ပြင်သစ်နိုင်ငံ သံတမန်ပြန်လည်ဆက်သွယ်

ဘဂ္ဂဒက် ဇူလိုင် ၁၃

အီရတ်နိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့သည် ၁၃နှစ်မျှ သံတမန်အဆက်အသွယ် ပြတ်တောက်ခဲ့ပြီးနောက် တနင်္လာနေ့မှစ၍ သံတမန်အဆက်အသွယ်ပြန်လည် ထူထောင်လိုက်ကြပြီဖြစ်ကြောင်း အီရတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးက ပြောကြားသည်။ အီရတ်နိုင်ငံက ကူဝိတ်နိုင်ငံကို ကျူးကျော်သိမ်းပိုက်ခဲ့ချိန်မှစ၍ ပြင်သစ်နှင့် အီရတ်တို့သည် သံတမန်အဆက်အသွယ်ပြတ်တောက်ခဲ့ကြခြင်းဖြစ်သည်။

ပြင်သစ်နှင့် အီရတ်နှစ်နိုင်ငံတို့သည် သံတမန်ပြန်လည်ဆက်သွယ်လိုက်ကြပြီဖြစ်၍ ယခုအခါ ပြင်သစ်နိုင်ငံပါရီမြို့တွင် အီရတ် အလံတလူလူလွင့်နေပြီဖြစ်ကြောင်း အီရတ်ဒုတိယနိုင်ငံခြားရေးဝန်ကြီးက သတင်းထောက်များကို သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များသည် ကူဝိတ်နိုင်ငံမှ ဆက်ဒမ်ဟူစိန်၏ တပ်ဖွဲ့များကို ၁၉၉၁ခုနှစ်တွင် တိုက်ထုတ်ခဲ့ကြသည်။ ထိုစဉ်က ပြင်သစ်သည် အမေရိကန်တို့နှင့် ပူးပေါင်းပါဝင်ခဲ့သည့်အတွက် အီရတ်သည် ပြင်သစ်နှင့် သံအဆက်အသွယ် ဖြတ်တောက်ခဲ့သည်။

လက်ရှိအခြေအနေတွင် အမေရိကန်တို့က အီရတ်တွင် ဖြစ်ပေါ်နေသော မငြိမ်မသက်မှုများကို ဖြေရှင်းရန် ပြင်သစ်ကို အကူအညီတောင်းခဲ့သည်။ ထိုကိစ္စအတွက် ပြင်သစ်သည် တုံ့ပြန်အကူအညီပေးခြင်းမရှိခဲ့ပေ။ သို့ရာတွင် အီရတ်လုံခြုံရေးတပ်ဖွဲ့များကို လေ့ကျင့်ပေးရန်နှင့် ပြင်သစ်သို့ အီရတ်က ပေးရန်ရှိသော ကြွေးမြီအချို့ကို အကန့်အသတ်ဖြင့်လျှော့ပေါ့ပေးမည့်အကြောင်းသာ ပြောဆိုခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရတ်သို့ လေကြောင်းမှ ရိက္ခာပို့မှု အန္တရာယ်ရှိသဖြင့် ဂျပန်ရပ်ဆိုင်းထား

တိုကျို ဇူလိုင် ၁၃

အီရတ်နိုင်ငံတောင်ပိုင်း တာလီလေဆိပ်နှင့် အနီးတစ်ဝိုက်တွင် မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်များ ပစ်ခတ်တိုက်ခိုက်လာနိုင်သည်ဟူသောသတင်းကြောင့် ဂျပန်လေတပ်က ကူဝိတ်မှ အီရတ်သို့ လေကြောင်းမှ ရိက္ခာများ ပို့ပေးမည့် အစီအစဉ်ကို ခေတ္တရပ်ဆိုင်းလိုက်ကြောင်း ဂျပန်အစိုးရ သတင်းရပ်ကွက်က တနင်္လာနေ့တွင် ပြောဆိုသည်။

အီရတ်အတွက် လူသားချင်းစာနာထောက်ထားရေးအကူအညီပစ္စည်းများ ပေးပို့ခြင်း၊ အီရတ်နိုင်ငံ မြောက်ပိုင်း ဆမ်မာဝါမြို့၌ ဂျပန်တပ်ဖွဲ့ဝင်များထံ ပစ္စည်းများ ပေးပို့ခြင်းနှင့်တကွ အမေရိကန်ဦးဆောင်သည့် တပ်များအတွက် တပ်ဖွဲ့ဝင်များနှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးပို့ခြင်းတို့တွင် ဂျပန်စီ-၁၃၀ သယ်ယူပို့ဆောင်ရေး လေယာဉ်များဖြင့် ထိုလေဆိပ်သို့ စေလွှတ်ပေးပို့နေကျဖြစ်သည်။

တာလီလေဆိပ်ကို အမေရိကန်နှင့် အခြားတပ်ဖွဲ့ဝင်များကလည်း အသုံးပြုသည်ဟု သိရသည်။ ***အင်တာနက်။***

အီရတ်နိုင်ငံမှ ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များကို ပြန်လည်ရုပ်သိမ်းရန် ဆန္ဒပြတောင်းဆိုနေသည့် ဖိလစ်ပိုင်ပြည်သူများကို ဇူလိုင် ၁၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင်သေဆုံးသည့်ကန်တပ်ဖွဲ့ဝင် ၈၈၀ ဦးရှိပြီ

ဘဂ္ဂဒက် ဇူလိုင် ၁၃

လွန်ခဲ့သည့်နှစ် မတ်လက အီရတ်နိုင်ငံတွင် စစ်ရေးအရစတင်ဆင်နွှဲခဲ့ချိန်မှ ယခုနှစ် ဇူလိုင် ၁၃ ရက်အထိ အီရတ်နိုင်ငံ၌ သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင် ဦးရေ ၈၈၀ ဦးရှိသွားပြီဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ ယင်းအနက် ၆၅၁ ဦးမှာ တိုက်ပွဲများကြောင့် သေဆုံးရခြင်းဖြစ်ပြီး ၂၂၉ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးရခြင်းဖြစ်သည်။

ထိုကာလအတွင်း ဗြိတိသျှတပ်ဖွဲ့ဝင် ၅၉ ဦး၊ အီတလီ ၁၈ ဦး၊ စပိန်ရှစ်ဦး၊ ဘူဂေးရီးယားနှင့် ပိုလန်ခြောက်ဦးစီ၊ ယူကရိန်းလေးဦး၊ စလိုဗက်ကီးယားသုံးဦး၊ အခြားတပ်ဖွဲ့ဝင်နှစ်ဦး၊ ဒိန်းမတ်၊ အယ်ဆာဗေဒို၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားနှင့် နယ်သာလင်တို့က တစ်ဦးစီအသီးသီး သေဆုံးခဲ့သည်။

အီရတ်နိုင်ငံတွင် အဓိက စစ်ဆင်တိုက်ခိုက်မှုများပြီးဆုံးသွားပြီဖြစ်ကြောင်း အမေရိကန်သမ္မတဘုရှ်က ကြေညာခဲ့သည့် ၂၀၀၃ ခုနှစ် မေ ၁ ရက် နောက်ပိုင်းတွင် အမေရိကန်တပ်ဖွဲ့ဝင် ၇၆၂ ဦးသေဆုံးခဲ့သည်။ ယင်းအနက် ၅၆၂ ဦးမှာ တိုက်ပွဲများကြောင့် သေဆုံးခဲ့ရပြီး ၂၀၀ ဦးမှာ အခြားအကြောင်းများကြောင့် ဖြစ်သည်။

အင်တာနက်။

အီရတ်တွင်တာဝန်ထမ်းဆောင်မည့် ကုလသမဂ္ဂအထူးသံတမန်အား လုပ်ဖော်ကိုင်ဖက်များချီးကျူး

အစ္စလမ္မာဘတ် ဇူလိုင် ၁၃

အီရတ်ဆိုင်ရာ ကုလသမဂ္ဂအထူးသံတမန်အဖြစ် ရွေးချယ်ခန့်အပ်ခံထားရသူ ပါကစ္စတန်လူမျိုး ဝါရင့်သံတမန်ကြီး ဂျီဟန်ဂရာကာဇီသည် စွမ်းဆောင်ရည်ကောင်းမွန်သည့် စေ့စပ်ဆွေးနွေးရေးမှူးနှင့် ထူးချွန်သော ဆက်သွယ်ရေးမှူးဖြစ်ကာ မည်သည့်ပြဿနာကိုမဆို ဖြေရှင်းနိုင်မည့်သူ ဖြစ်ကြောင်း ၎င်း၏ လုပ်ဖော်ကိုင်ဖက်များက အင်္ဂါနေ့တွင် ပြောကြားသည်။

အသက် ၆၂နှစ်ရှိပြီး သံတမန်လောကတွင် နှစ်ပေါင်း၄၀ကျော်လည်ခဲ့ဖူးသော ကာဇီသည် ပါကစ္စတန်နိုင်ငံ၏ ဆင်းရဲနွမ်းပါးသော ပြည်နယ်တစ်ခုဖြစ်သည့်နိုင်ငံ အနောက်တောင်ပိုင်းရှိ ဘလူချီစတန်ပြည်နယ်မှဖြစ်ကာ သံအမတ်ကြီးအဖြစ် နိုင်ငံငါးနိုင်ငံတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ယခုအခါ အမေရိကန်၌ သံအမတ်ကြီးအဖြစ်တာဝန်ထမ်းဆောင်လျက်ရှိသည်။

အင်တာနက်။

ရန်သူအစစ်မှာ ဗင်နီဇွဲလား အတိုက်အခံမဟုတ် ဘုရှ်သာဖြစ်ကြောင်း သမ္မတချာဗက်ဇ်ပြောဆို

ကရာကာ့စ် ဇူလိုင် ၁၃

ပြည်သူ့ဆန္ဒခံယူပွဲပြုလုပ်ခြင်းဖြင့် ၎င်းအား ရာထူးမှဖယ်ရှားရန် အမေရိကန်အစိုးရက ဗင်နီဇွဲလား အတိုက်အခံများကို ထောက်ခံအားပေးနေကြောင်းဖြင့် ဗင်နီဇွဲလားသမ္မတ ချာဗက်ဇ်က အချိန်ကြာမြင့်စွာက ၎င်း၏ အခိုင်အမာပြောကြားချက်ကို ထပ်မံပြောဆိုလိုက်သည်။

ရန်သူအစစ်အမှန်

ဩဂုတ် ၁၅ ရက် ပြည်သူ့ဆန္ဒ ခံယူပွဲ အတောအတွင်း ဗင်နီဇွဲလားသမ္မတ ချာဗက်ဇ်က အမေရိကန်အစိုးရကို တိုးမြှင့်ဝေဖန် တိုက်ခိုက်လာရာတွင် ၎င်း၏နိုင်ငံရေးရန်သူအစစ်အမှန်မှာ ဗင်နီဇွဲလား အတိုက်အခံများမဟုတ်ဘဲ အမေရိကန်သမ္မတ ဘုရှ်သာဖြစ်ကြောင်း ပြောကြားလိုက်သည်။

အမေရိကန်သမ္မတဘုရှ်က ဤအစီအစဉ်ကို ငွေကြေးကူညီထောက်ပံ့သည့် အထောက်အထား မိမိရရှိထားကြောင်း၊ ယင်းမှာ ယခင်က မိမိ တစ်လျှောက်လုံး ပြောဆိုစွပ်စွဲလာသည်မှာ မှန်ကန်ကြောင်းထပ်မံပြသလာခြင်းဖြစ်ကြောင်း၊ တိုက်ပွဲမှာ မိမိတို့နှင့် အတိုက်အခံတို့၏ တိုက်ပွဲမဟုတ်ဘဲ မိမိနှင့်ဘုရှ်တို့၏ တိုက်ပွဲသာဖြစ်ကြောင်း သမ္မတချာဗက်ဇ်က ပြောဆိုသည်။ ကရာကာ့စ်မြို့တော် အနောက်ဘက်မိုင် ၃၀၀ အကွာ ရေနံထုတ်လုပ်သည့် ဇူလီဟာပြည်နယ်တွင် ဗင်နီဇွဲလားသမ္မတ ချာဗက်ဇ်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

ပြသမည်

ဗင်နီဇွဲလားနိုင်ငံ၏ ကြီးမားသော ရေနံလုပ်ငန်းကို နိုင်ငံခြားသားများ ရင်းနှီးမြှုပ်နှံခွင့် ရရှိရေးအတွက် ပြည်သူ့ဆန္ဒခံယူပွဲကို အမေရိကန်က ငွေကြေးထောက်ပံ့သည့် သက်သေအထောက်အထားကို တနင်္ဂနွေနေ့တွင် ပြသမည်ဟုလည်း သမ္မတချာဗက်ဇ်က ထုတ်ဖော်ပြောဆိုသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဓားစာခံကို လွှတ်ပေးစေလိုပါက

ဇူလိုင် ၂၀ရက်မတိုင်မီ ဖိလစ်ပိုင်တပ်ဖွဲ့ရုပ်သိမ်းရန်တောင်းဆို

မနီလာ ဇူလိုင် ၁၃

ဓားစာခံအဖြစ် အဖမ်းခံထားရသော ဖိလစ်ပိုင်လူမျိုးတစ်ဦးကို ပြန်လည်လွှတ်ပေးစေလိုပါက ဇူလိုင် ၂၀ ရက် မတိုင်မီ အီရတ်နိုင်ငံမှ တပ်ဖွဲ့ဝင်များ ပြန်လည်ရုပ်သိမ်းပေးရန် ဖိလစ်ပိုင် အစိုးရအဖွဲ့အား တောင်းဆိုသည့် နောက်ဆုံးအချိန်ဇယား သတ်မှတ်ချက်တစ်ရပ်ကို ဓားစာခံဖမ်းသူများက ထုတ်ပြန် ကြေညာထားကြောင်း ဖိလစ်ပိုင် ရုပ်မြင်သံကြားဌာနက တနင်္လာနေ့တွင် သတင်းထုတ်ပြန်သည်။

တောင်းဆို

ဆော်ဒီအာရေဗျ အခြေစိုက်ကုမ္ပဏီတစ်ခုအတွက် အီရတ်နိုင်ငံတွင် အလုပ်လုပ်ကိုင်နေသော အင်ဂျီလို ဒီလာခရုဇ်အမည်ရှိ ဖိလစ်ပိုင်တစ်ဦးကို ပြန်လည်လွှတ်ပေးစေလိုပါက အီရတ်မှ တပ်ဖွဲ့ဝင်များရုပ်သိမ်းပေးရန် ဓားစာခံဖမ်းဆီးထားသူများက တောင်းဆိုထားသည်ဟု အေဘီအက်စ်/ စီဘီအင်န် ရုပ်မြင်သံကြားဌာနက သတင်းထုတ်ပြန်သည်။

အီရတ် ခုခံတိုက်ခိုက်ရေးသမားများသည် ဒီလာခရုဇ်အား စစ်သုံ့ပန်းတစ်ဦးအဖြစ် ပြုမူဆက်ဆံရန် လိုလားသည်ဟု အယ်လ်အာရေဗီးယား ရုပ်မြင်သံကြားဌာန၏ သတင်းထုတ်ပြန်ချက်ကို ဖိလစ်ပိုင် ရုပ်မြင်သံကြားဌာနက ဖော်ပြသည်။

ထုတ်လွှင့်

အာရပ် ရုပ်မြင်သံကြားဌာနဖြစ်သော အယ်လ်ဂျာဇီရာ ရုပ်မြင်သံကြားဌာနသည် ပြီးခဲ့သည့် ကြာသပတေးနေ့က သတင်းထုတ်လွှင့်ခဲ့ရာတွင် ဖိလစ်ပိုင်တစ်ဦးကို ဓားစာခံအဖြစ် ဖမ်းဆီးထားသော မျက်နှာဖုံးစွပ် သေနတ်သမားသုံးဦးကို ဖော်ပြခဲ့သည်။

ခြိမ်းခြောက်

ဖိလစ်ပိုင်အစိုးရသည် အီရတ်မှ ၇၂ နာရီအတွင်း တပ်ဖွဲ့ရုပ်သိမ်းပေးခြင်းမရှိပါက ဖိလစ်ပိုင်လူမျိုးကို သတ်ဖြတ်ပစ်မည်ဟု ခုခံတိုက်ခိုက်ရေးသမားတို့က ခြိမ်းခြောက်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာသတင်းများ

ဇူလိုင် ၁၂ ရက်က အီရတ်နိုင်ငံ ဘာကူဘာမြို့တွင် စစ်ဆေးရေးစခန်းတစ်ခု၌ အီရတ်တစ်ဦးအား စစ်ဆေးနေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဖိလစ်ပိုင် ဓားစာခံလွှတ်ရေးအတွက် တောင်းဆိုချက်ကို ဖိလစ်ပိုင်အစိုးရ လိုက်လျောမည်

မနီလာ ဇူလိုင် ၁၃

ဖိလစ်ပိုင်အစိုးရသည် ဓားစာခံကိစ္စနှင့်ပတ်သက်၍ ရပ်တည်ချက်သဘောထား ရုတ်တရက်ပြောင်းသွားသည်။ ဖိလစ်ပိုင်မှ အီရတ်သို့ လူသားချင်းစာနာသော အကူအညီပေးရန် လွှတ်ထားသောတပ်ဖွဲ့ကို ရုပ်သိမ်းပေးမည်ဖြစ်ကြောင်း အယ်ဂျာဇီရာရုပ်/သံဌာနသို့ အသိပေးအကြောင်းကြားခဲ့သည်ဟု ဆိုသည်။

ဓားစာခံအဖြစ် အဖမ်းခံထားရသူ ဖိလစ်ပိုင် ထရပ်ကားယာဉ်မောင်းမှာ အင်ဂျီလိုဒီလာခရုဇ် ဆိုသူဖြစ်၏။ ၎င်းအသတ်ခံရသည့်အဖြစ်မှ လွတ်မြောက်ရန် မျှော်လင့်၍ တပ်များရုပ်သိမ်းမည့်အကြောင်း ဖိလစ်ပိုင်အစိုးရက ကတိပေးခြင်းဖြစ်ကြောင်း သိရသည်။

ဖတ်ကြားပြသ

တပ်များပြန်ရုပ်သိမ်းမည့်အကြောင်း ရေးသားထားသောစာကို ဖိလစ်ပိုင် ဒုတိယနိုင်ငံခြားရေးဝန်ကြီး ရာဖေလ်ဆီကွိစ်က အယ်ဂျာဇီရာ ရုပ်/သံဌာနမှ ဖတ်ကြားပြသခြင်းဖြစ်သည်။ အဆိုပါစာသည် ဓားစာခံဖမ်းဆီးရေးအဖွဲ့သို့ လိပ်မူထားသည်။

ကျွန်ုပ်တို့သည် သင်တို့ဓားစာခံနှင့်သက်ဆိုင်သော တောင်းဆိုထားချက်ကို တုံ့ပြန်လိုက်ခြင်းဖြစ်သည်။ လူသားချင်းစာနာသော အကူအညီပေးရန် ဖိလစ်ပိုင်မှ စေလွှတ်ထားသောတပ်ဖွဲ့ကို ဖြစ်နိုင်သမျှ အစောဆုံးပြန်လည်ရုပ်သိမ်းပေးမည်ဖြစ်ကြောင်း သိစေအပ်သည်ဟု နိုင်ငံခြားရေးဝန်ကြီးက အကြောင်းပြန်စာကို ဖတ်ကြားသွားသည်။

ခြိမ်းခြောက်

ယာဉ်မောင်းဒီလာခရုဇ်ကို ဖမ်းဆီးထားသော အဖွဲ့သည် ၎င်းတို့ကိုယ်၎င်းတို့ ခါလစ်အဗ်အလ်ပါလစ် တပ်ဖွဲ့ဟုခေါ်သော အဖွဲ့ဖြစ်သည်။ ထိုအဖွဲ့မှ ပေးပို့သည်ဟု ယူဆရသော တောင်းဆိုချက်တွင် ဖိလစ်ပိုင်တပ်ဖွဲ့များကို ဇူလိုင် ၂၀ ရက်တွင် အီရတ်မှဆုတ်မပေးလျှင် ဓားစာခံကိုသတ်ပစ်မည်ဖြစ်ကြောင်း ခြိမ်းခြောက်ထားသည်။

အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ဖိလစ်ပိုင်သမ္မတ ဂလိုရီယာအာရိုယိုက ပြီးခဲ့သော တနင်္ဂနွေနေ့တွင် ယတိပြတ်ပင်ငြင်းဆိုခဲ့သည်။ မိမိတို့သည် အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းသို့ ကတိကဝတ်ထားပြီးဖြစ်သည်။ သို့ဖြစ်၍ ဓားစာခံကိစ္စတွင် မိမိတို့အနေဖြင့် လိုက်လျောနိုင်မည်မဟုတ်။ မူလသဘောထားအတိုင်းပင် ကတိကဝတ်ရှိပြီးဖြစ်သည့်အတိုင်း ဆောင်ရွက်သွားမည်ဟု ဘဂ္ဂဒက်ရှိ ဖိလစ်ပိုင်အထက်တန်း သံတမန်က ပြောကြားခဲ့သည်။

ဓားစာခံ ဒီလာခရုဇ်၏ဇနီးနှင့် မောင်တို့သည် တနင်္လာနေ့စောစောပိုင်းက ဂျော်ဒန်နိုင်ငံသို့ ရောက်ရှိလာသည်။ ဇနီးဖြစ်သူ အာဆင်နီယာဒီလာခရုဇ်သည် ပုဂ္ဂိုလ်ရေးသဘောအရ ခင်ပွန်းသည် လွတ်မြောက်ရေးကို နောက်ဆုံးအနေဖြင့် အသနားခံကြိုးပမ်းရန် ယခုကဲ့သို့ ရောက်ရှိလာခြင်းဖြစ်သည်ဟု ဆိုသည်။

အဖမ်းခံရ

ကလေးရှစ်ဦး၏ဖခင်ဖြစ်သူ အသက် (၄၂) နှစ်ရှိ ဓားစာခံ ဒီလာခရုဇ်သည် ပြီးခဲ့သောသီတင်းပတ်က ဆော်ဒီအာရေဗျနိုင်ငံမှ ရေနံစိမ်းများ တင်ဆောင်လာသော ထရပ်ကားကို အီရတ်နိုင်ငံသို့ မောင်းဝင်လာစဉ် အဖမ်းခံရခြင်းဖြစ်ကြောင်း သိရသည်။

အင်တာနက်။

တောင်းဆို

ဇူလိုင် ၁၂ ရက်က ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ သမ္မတနန်းတော်သို့ သွားရာလမ်းတွင် ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များ အီရတ်မှ ပြန်လည်ရုပ်သိမ်းရန် တောင်းဆိုနေသည့် ဖိလစ်ပိုင်ဆန္ဒပြသူများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် လမ်းဘေးဗုံး ပေါက်ကွဲ၍ တူရကီ ယာဉ်မောင်း သေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၁၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ဘက်တွင် တနင်္လာနေ့က အမေရိကန်စစ်ယာဉ်တန်းနှင့်အတူ ခရီးသွားလာနေစဉ် လမ်းဘေးထောင်ထားသည့် ဗုံးပေါက်ကွဲမှုကြောင့် ထရပ်ကားတစ်စီး ပျက်စီးသွားပြီး တူရကီနိုင်ငံသား ယာဉ်မောင်းတစ်ဦး သေဆုံးခဲ့ကြောင်း အီရတ် ရဲအရာရှိတစ်ဦးက ပြောကြားသည်။

သေဆုံး

ဘဂ္ဂဒက်မြို့မြောက်ဘက် ၁၂ မိုင်အကွာရှိ ဘေဂျီမြို့အနီးတွင် ပေါက်ကွဲမှုဖြစ်ပွား ပြီးနောက် ယာဉ်တန်းတွင်လိုက်ပါလာသည့် အမေရိကန်တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်သဖြင့် အီရတ်အရပ်သားတစ်ဦး သေဆုံးကြောင်း အီရတ်ရဲတပ်ဖွဲ့မှ ဒုတိယဗိုလ်မှူးကြီး နာပစ်ဆာဗစ်က ပြောကြားသည်။

အဆိုပါဖြစ်ရပ်နှင့်ပတ်သက်၍ အမေရိကန်စစ်ဘက်ဆိုင်ရာက ချက်ချင်းပြောကြားခြင်းမရှိပေ။

လမ်းဘေးထောင် ဗုံးများသည် အမေရိကန် ဦးဆောင်သည့်တပ်ဖွဲ့များနှင့် အမေရိကန်စစ်ဘက်ဆိုင်ရာတို့နှင့်အတူ အလုပ်လုပ်ကိုင်နေသည့် အခြားနိုင်ငံခြားသားများကို အီရတ်ခုခံ တိုက်ခိုက်ရေးသမားများက တိုက်ခိုက်ရာ၌ အသုံးပြုသည့်နည်းလမ်းများအနက် နည်းလမ်းတစ်ခုဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

အီရတ်တို့ကို သတ်ဖြတ်မှုနှင့် ညှဉ်းပန်းနှိပ်စက်မှုတို့ဖြင့် ဗြိတိသျှတပ်ဖွဲ့ဝင်များကို ထပ်မံတရားစွဲဆိုဦးမည်

လန်ဒန် ဇူလိုင် ၁၃

အီရတ်အရပ်သားများအား ဥပဒေမဲ့ သတ်ဖြတ် သို့မဟုတ် တိုက်ခိုက်ခဲ့သည့် စွဲချက်များဖြင့် ဗြိတိသျှတပ်ဖွဲ့ဝင်များကို မကြာမီက တရားစွဲခဲ့ပြီးနောက် ယခုအခါ နောက်ထပ်တရားစွဲဆိုမှု ကိုးမှုနှင့် ၎င်းတို့ ရင်ဆိုင်ကြုံတွေ့နေရပြန်ပြီဖြစ်ကြောင်း ဗြိတိသျှ အင်ဒီပင်းဒင့် သတင်းစာက တနင်္လာနေ့တွင် ရေးသားလိုက်သည်။

ဇူလိုင် ၁၂ ရက်က ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ သမ္မတနန်းတော်အပြင်ဘက်တွင် အီရတ်မှ ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များ ပြန်လည်ရုပ်သိမ်းရန် ဆန္ဒပြတောင်းဆိုနေသည့် ဖိလစ်ပိုင်တို့ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဗြိတိသျှတပ်မတော် စွဲချက်တင်ရေး အာဏာပိုင်အဖွဲ့(အေပီအေ)က ဗြိတိသျှတပ်ဖွဲ့ဝင်များက အီရတ်အရပ်သားများအား ပစ်သတ်၊ သို့မဟုတ် နှိပ်စက်ညှဉ်းပန်းခဲ့သည်ဟု စွပ်စွဲထားသည့် အမှုကိုးမှု၏ မှတ်တမ်းမှတ်ရာများကို လေ့လာလျက်ရှိကြောင်း ဗြိတိသျှကာကွယ်ရေးဝန်ကြီးက ထုတ်ဖော်ပြောကြားခဲ့သည်ဟု သတင်းစာများက ရေးသားကြသည်။

အေပီအေက အမှုနှစ်မှုအား စစ်ခုံရုံးသို့ တင်ခဲ့ပြီး တတိယအမှုကို မြို့တော်ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိသည်။

ဝန်ခံပြောကြား

ဗြိတိသျှစစ်ရဲတပ်ဖွဲ့က အီရတ်အရပ်သားသေဆုံးမှု ၇၅ မှုခန့်ကို စုံစမ်းစစ်ဆေးလျက်ရှိပြီး ယင်းအမှုများထဲတွင် ဗြိတိသျှတပ်ဖွဲ့ဝင်များ ပါဝင်ပတ်သက်သည့် နှိပ်စက်ညှဉ်းပန်းမှုများ ပါဝင်သည်ဟု ဗြိတိသျှအစိုးရက ဝန်ခံပြောကြားခဲ့သည်။

အမှု ၇၅ မှုအနက် အမှု ၃၀ မှာ ဆက်လက်စစ်ဆေးနေဆဲဖြစ်ပြီး ၂၇ မှုမှာ စစ်ဆေးပြီး အမှုပိတ်ထားပြီးဖြစ်ကြောင်း၊ နောက်ထပ် စုံစမ်းစစ်ဆေးမှု ရှစ်မှု ပြီးဆုံးသွားပြီး ဆုံးဖြတ်ချက်ချရန် ရပ်ဆိုင်းထားကြောင်း ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

ယခုစွပ်စွဲထားသော အမှုသစ်များမှာ အီရတ်ရှိ ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ မဖွယ်မရာ ပြုမှုများအပေါ် လွတ်လပ်စွာ စုံစမ်းစစ်ဆေးရန် အတိုက်အခံ လစ်ဘရယ်ဒီမိုကရက်တစ် ပါတီဝင်များက နောက်ထပ်တောင်းဆိုခဲ့သည့် အမှုများဖြစ်သည်။

အေပီအေသို့ တင်ပြလာသည့် အမှုကိုးမှုက ဗြိတိသျှတပ်ဖွဲ့ဝင်များအား အမိန့်ပေးမှု၊ ထိန်းချုပ်မှုနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် မေးမြန်းရန် ပြဿနာများ ပေါ်ပေါက်နေကြောင်း၊ ယုံကြည်မှု ရရှိစေရန် ဆက်လက်ထိန်းသိမ်းရေးနည်းလမ်းမှာ အီရတ်ရှိ မိမိတို့တပ်ဖွဲ့ဝင်များ၏ ပြုမှုချက် အားလုံးကို အပြည့်အဝ စုံစမ်းနိုင်ရေးပင်ဖြစ်ကြောင်း လစ်ဘရယ်ဒီမိုကရက်တစ်ပါတီမှ ကာကွယ်ရေးဌာနဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ ပေါလ်ကိသ်အား ကိုးကား၍ အဆိုပါ သတင်းစာက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်တွင် တိုက်ခိုက်မှုများကြောင့် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၁၃

အီရတ်ခုခံတိုက်ခိုက်ရေးသမားများ၏ သီးခြားစီ တိုက်ခိုက်မှုများကြောင့် အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးနှင့် အီရတ်အရပ်သားတစ်ဦး သေဆုံးခဲ့သည်။ ဘဂ္ဂဒက်မြို့မြောက်ဘက် မိုင် ၆၀ အကွာရှိ မတည်မငြိမ်ဖြစ်နေသည့် ဆမ်မာရာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များ၏ ကင်းလှည့်ယာဉ် တနင်္ဂနွေနေ့ မွန်းလွဲပိုင်းက ဖြတ်သန်းမောင်းနှင်လာစဉ် လမ်းဘေးထောင်ထားသည့်ဗုံး ပေါက်ကွဲသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန် စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

ပစ်ခတ်

စောစောပိုင်းကလည်း အီရတ်နိုင်ငံမြောက်ပိုင်း မိုင် ၉၀ အကွာ ဘေဂျီမြို့တွင် အမေရိကန်စစ်ယာဉ်တန်းကို တိုက်ခိုက်ခဲ့သည်။ လမ်းဘေးဗုံး ပေါက်ကွဲပြီးနောက် ရန်သူကားတစ်စီးသည် အမေရိကန်စစ်ယာဉ်တန်းရှိရာသို့ မောင်းနှင်လာပြီး အမေရိကန်တပ်ဖွဲ့ဝင်များကို ပစ်ခတ်ခဲ့သည်။ အမေရိကန်တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့သဖြင့် ရန်သူ့ကားကို မောင်းသူတစ်ဦး သေဆုံးခဲ့ရကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

ကယ်တင်နိုင်ခဲ့

ယင်းသို့ပစ်ခတ်မှုကြောင့် လှည့်ကင်းကားနောက်တွင် ခရီးသွားနေသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးနှင့် အရပ်သားတစ်ဦးတို့ သေဆုံးခဲ့သည်။ ဒုတိယမြောက် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးမှာ ဒဏ်ရာရရှိခဲ့သဖြင့် ကယ်တင်နိုင်ခဲ့သည်။ တိုက်ခိုက်မှုဖြစ်ပွားရာတွင် ရေနံတင်ကားမှ မီးလောင်ခဲ့ရာ ဒေသတစ်ခုလုံး မီးခိုးများဖြင့် မည်းမှောင်သွားသည်။

အီရတ်နိုင်ငံ အနောက်ပိုင်း ဖော်လူဂျာအနီးတွင် ယာဉ်မတော်တဆမှုကြောင့် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်လေးဦး သေဆုံးခဲ့ပြီးနောက် တစ်ရက်အကြာတွင် ယင်းကဲ့သို့ အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်သည်။

အင်တာနက်။

အီရတ်သို့ တောင်ကိုရီးယားတပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်မည့်အစီအစဉ် တောင်ကိုရီးယား အမတ် ၂၀ တို့က ကန့်ကွက်

ဆိုးလ် ဇူလိုင် ၁၄

အီရတ်သို့ တောင်ကိုရီးယားတပ်ဖွဲ့ဝင်များ နောက်ထပ်စေလွှတ်ရေးကို ဆန့်ကျင်သည့် တောင်ကိုရီးယား အာဏာပါတီနှင့် အတိုက်အခံပါတီတို့မှ အမတ် ၂၀ တို့သည် တောင်ကိုရီးယားတပ်ဖွဲ့ဝင်များ အီရတ်ထပ်မံမစေလွှတ်ရေး ၎င်းတို့၏ တောင်းဆိုချက်ကို အလေးအနက်ဖြစ်စေရန် အမျိုးသား လွှတ်တော်တွင် အင်္ဂါနေ့က ဆန့်ကျင်ကန့်ကွက် ဆန္ဒပြကြသည်။

တိုက်တွန်း

အမတ် ၂၀ တို့က ၎င်းတို့၏ တောင်းဆိုချက်ကို မနက်ဖြန် မျက်နှာစုံညီ အစည်းအဝေးသို့ တင်သွင်းရန် လွှတ်တော်ဥက္ကဋ္ဌ ကင်ယုန်ကီအား တိုက်တွန်းလိုက်ကြသည်။

၎င်းတို့၏ တောင်းဆိုချက်ကို လွှတ်တော်မျက်နှာစုံညီ အစည်းအဝေးသို့ တင်သွင်းခြင်းမပြုဘဲ လွှတ်တော် ကာကွယ်ရေးကော်မတီက ဘေးဖယ်ထားသည်ဆို၏။

တောင်းဆို

ရှေ့လဆန်းတွင် အီရတ်သို့ အင်အား ၃၆၀၀ ရှိ တောင်ကိုရီးယား တပ်ဖွဲ့ဝင်များစေလွှတ်မည့် အစီအစဉ်ကို ရပ်ဆိုင်းရန် နိုင်ငံအကြီးအကဲအားဖိအားပေးရန်အတွက် သမ္မတ နိုမူဟွန်းအနေဖြင့် ၎င်းတို့အား လက်ခံတွေ့ဆုံရန် အမတ်များက တောင်းဆိုသည်။

ပေါ်ပေါက်လာ

အီရတ်စစ်ပွဲ မဖြစ်ပွားမီ အထိ သမ္မတဘုရှ် အစိုးရအား သတင်းမှား ပေးခဲ့ကြောင်း အမေရိကန် အထက်လွှတ်တော် ထောက်လှမ်းရေးကော်မတီက သတင်းထုတ်ပြန်ပြီးနောက် အီရတ်သို့ တောင်ကိုရီးယားတပ်ဖွဲ့ဝင်များ စေလွှတ်မှုဆန့်ကျင်သည့် ဤလုပ်ရပ် ပေါ်ပေါက်လာရခြင်း ဖြစ်သည်ဟု သိရသည်။

(အင်တာနက်)

ဘဂ္ဂဒက် မြို့လယ်တွင် ပေါက်ကွဲသံကြီး မြည်ဟည်း

ဘဂ္ဂဒက် ဇူလိုင် ၁၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်ရှိ အီရတ်အစိုးရနှင့် အမေရိကန်သံရုံးတို့ တည်ရှိရာ အခိုင်အခံ့တည်ဆောက်ထားသည့် ခြံဝင်းကျယ်ကြီးအနီး၌ ကျယ်လောင်သည့် ပေါက်ကွဲမှုဖြစ်ပွားရာ ဘဂ္ဂဒက်မြို့လယ်တစ်ခွင် ပဲ့တင်ထပ်သွားကြောင်း ရိုက်တာသတင်းဌာနမှ မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

မြင်တွေ့နေ

တိုက်ဂရစ်မြစ် အနောက်ဘက်ကမ်းပေါ်ရှိ အစိမ်းရောင်နယ်မြေမှနေ၍ မီးခိုးလိပ်များကို မြင်တွေ့နိုင်ပြီး ကောင်းကင်ယံတွင်လည်း အမေရိကန် ရဟတ်ယာဉ်သုံးစင်းကို မြင်တွေ့ရသည်။

အဆိုပါ ပေါက်ကွဲမှုနှင့် ပတ်သက်၍ အမေရိကန် စစ်ဘက်ဆိုင်ရာ သတင်းထုတ်ပြန်ချက် မရှိသေးပေ။

အမ်အင်အေ၊ရိုက်တာ။

ဘဂ္ဂဒက်မြို့တွင် အီရတ်ပြောက်ကျားတို့၏ တိုက်ခိုက်ခံရမှုကြောင့် အမေရိကန်အရပ်ဘက်ကုမ္ပဏီမှ မော်တော်ယာဉ်တစ်စီး မီးလောင်နေသည်ကို ဇူလိုင် ၁၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

သစ္စာလေးပါးတရားတော်များ ဟောကြားမည်

ရန်ကုန် ဇူလိုင် ၁၄

ဖျာပုံမြို့(၆)လမ်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာတွင် ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ သာသနာပြု နယ်လှည့်ဓမ္မကထိကဆရာတော်ဦးဩဘာသ (သာသနာဓဇဓမ္မာစရိယ)သည် ဒုတိယဝါဆိုလဆန်း ၉ရက်မှ ဝါဆိုလပြည့်နေ့အထိ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယနှင့်အညီ ပဋိစ္စသမုပ္ပာဒ်သင်တန်းနှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားပြသမည်ဖြစ်ပါ၍ တရားဝင်လိုသူ ယောဂီများ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပြိုးခြီခွေ့တာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

မိခင်တိုင်းသိသင့်သော ကလေးသူငယ်အခွင့်အရေးများ

မျိုးလေး

မြန်မာနိုင်ငံဟာ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ်၊ အတိုကောက်အားဖြင့် CRCလို့ခေါ်တဲ့ Convention on the Right of the Child၏ အဖွဲ့ဝင်နိုင်ငံ အဖြစ် ၁၉၉၁ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့မှာ အတည်ပြုပါဝင်ခဲ့ပါတယ်။ ကလေးသူငယ်များ၏ အခွင့်အရေးများနှင့်စပ်လျဉ်း၍ CRCနှင့် ယင်း၏အဓိပ္ပာယ်သက်ရောက်မှုများ၊ CRCပါ ကလေးသူငယ်အခွင့်အရေးများကို အကောင်အထည်ဖော်ရန် ၁၉၉၃ ခုနှစ် ဇူလိုင်လ ၁၄ ရက်နေ့တွင် နိုင်ငံတော်က ပြဋ္ဌာန်းပေးခဲ့သည့် ကလေးသူငယ်ဥပဒေပါ ကလေးသူငယ်များ၏ အခွင့်အရေးများကို နိုင်ငံအဝန်းရှိ မိဘများအပါအဝင် မိသားစုများနှင့် ပြည်သူပြည်သားအားလုံး သိရှိစေရန်၊ အဆိုပါ ပြဋ္ဌာန်းချက်များနှင့်အညီ မိမိတို့၏ သားသမီးလေးများ အခွင့်အရေး အပြည့်အဝ ရရှိစေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ကြရန် ဆွေးနွေးတင်ပြလိုခြင်း ဖြစ်ပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသူများ အများစုသည် ထေရဝါဒဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး ဗုဒ္ဓ၏ အဆုံးအမနှင့် ယဉ်ကျေးမှုသည် မြန်မာတို့၏ လူနေမှုစနစ်ကို များစွာလွှမ်းမိုးထားပါတယ်။ မြန်မာတို့ရဲ့ အစဉ်အလာအရ မိခင်တွင် ကိုယ်ဝန်ဆောင်စဉ်ကပင် သန္ဓေသား၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုအတွက် မိခင်၊ ဖခင်သာမက အဘိုး၊ အဘွား၊ ဆွေမျိုးမိတ်သင်္ဂဟပါမကျန် ဂရုပြု စောင့်ရှောက်ပေးခဲ့ကြပါတယ်။ မွေးဖွားလာတဲ့အခါမှာလည်း ရတနာတစ်ပါးလို တန်ဖိုးထားပြီး ပြုစုယုယ မွေးမြူစောင့်ရှောက်ခဲ့ကြသဖြင့် "သားသမီးရတနာ"ဆိုတဲ့ ဝေါဟာရလေး ဖြစ်တည်ထွန်းကားခဲ့ခြင်း ဖြစ်ပါတယ်။

အဲဒီအဖိုးတန်ရတနာလေးများသည် နိုင်ငံတော်ရဲ့ အနာဂတ် မျိုးဆက်သစ်လေးများဖြစ်တဲ့အတွက် ကလေးများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတော်အတွက် အလွန်အရေးကြီးလှပါတယ်။ ဒီလိုဘက်စုံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ်၏ အနှစ်သာရဖြစ်တဲ့ အခြေခံမူများကို နားလည်သဘောပေါက်ရန် လိုအပ်ပါတယ်။ အဲဒီအခြေခံမူများထဲမှ အရေးကြီးဆုံးအချက်ကတော့ "ကလေးသူငယ်များ၏ အကောင်းဆုံးအကျိုးစီးပွားကို ဖော်ဆောင်ပေးရန်" ဦးတည်ရမှာဖြစ်တယ်။

ဥပမာအားဖြင့် ကလေးတစ်ဦးကို ကိတ္တိမမွေးစားခြင်း မှတ်ပုံတင်အက်ဥပဒေအရ တရားဝင်မွေးစားရန် ခွင့်ပြုထားပါတယ်။ အဲဒီဥပဒေနှင့်အညီ တရားဝင်မွေးစားခံရသော ကလေးငယ်ဟာ မွေးစားမိဘများရဲ့အမွေကို ဆက်ခံခွင့်ရှိပါတယ်။ သို့သော်လည်း များစွာသော မွေးစားမိဘတို့ဟာ အမွေဆက်ခံခွင့်ပေးရမည်စိုးတဲ့အတွက် ကလေးမွေးစားခြင်းကို တရားရုံးမှာ လာရောက်မှတ်ပုံတင်ခြင်း မရှိကြပါဘူး။ အဲဒီတော့ မွေးစားခံရသူကလေးအများစုဟာ တရားဥပဒေအရ အကျိုးခံစားခွင့်မရကြဘဲ အခွင့်အရေးဆုံးရှုံးနေကြတာဖြစ်ပါတယ်။ ဒါဟာ ကလေးရဲ့ အကောင်းဆုံးအကျိုးစီးပွားကို ဖော်ဆောင်ရန်ဆိုတဲ့ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အခြေခံမူနှင့် ကိုက်ညီခြင်းမရှိပါဘူး။

ကလေးသူငယ် အခွင့်အရေးများကို ဆွေးနွေးရာတွင် အဓိကကဏ္ဍကြီးလေးရပ်ဖြစ်တဲ့ အသက်ရှင်သန်မှု Survival၊ ကာကွယ်စောင့်ရှောက်မှု Protection၊ ဖွံ့ဖြိုးတိုးတက်မှု Development နှင့် ပါဝင်ဆောင်ရွက်မှု Participation ဆိုပြီး ခွဲခြားဆွေးနွေးချင်ပါတယ်။ ကလေးသူငယ် ဥပဒေပုဒ်မ-၈ မှာလည်း ကလေးသူငယ်တိုင်းမှာ ဒီအခွင့်အရေးများရှိကြောင်း နိုင်ငံတော်က အသိအမှတ်ပြုသည်ဟု ပြဋ္ဌာန်းထားပါတယ်။ အသက်ရှင်သန်မှု အခွင့်အရေးများအနေနဲ့ကတော့ ကလေးတစ်ဦး အသက်ရှင်သန်မွေးဖွားလာဖို့နဲ့ မွေးဖွားပြီးနောက် ကျန်းမာရေး၊ ဆေးဝါးကုသရေးနှင့် အခွင့်အရေးအပြည့်အဝ ရရှိစေဖို့ ဖြစ်ပါတယ်။ ကလေးသူငယ်ဥပဒေပုဒ်မ-၉တွင် ကလေးသူငယ်တိုင်းသည် အသက်ရှင်သန်ရန် မွေးရာပါ အခွင့်အရေးရှိသည်။ မိဘအုပ်ထိန်းသူတို့သည် ကလေးမွေးဖွားခြင်းကို ဥပဒေနှင့်အညီ မှတ်ပုံတင်ရမည်ဆိုသည့် ပြဋ္ဌာန်းချက်ရှိပါတယ်။

ကလေးသူငယ်များ အသက်ရှင်သန်မှု အခွင့်အရေးကို နိုင်ငံတော်နဲ့အတူ အစိုးရဌာနအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပြည်သူ့ကျန်းမာရေး စီမံကိန်းများ၊ အမျိုးသားကျန်းမာရေးစီမံကိန်းများချမှတ်ပြီး ကလေးသူငယ်ကာကွယ်ဆေးထိုးလုပ်ငန်းများ၊ အာဟာရပြည့်ဝရေးလုပ်ငန်းများ၊ ရေကောင်းရေသန့်ရရှိရေးနှင့် ယင်လုံအိမ်သာသုံးစွဲရေးလုပ်ငန်းများစတဲ့ ကျန်းမာရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများကို ကျေးလက်ဒေသပါမကျန် စနစ်တကျ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလုပ်ငန်းတွေဟာ ကလေးတွေရဲ့ မွေးရာပါ အခွင့်အရေးပါလားလို့ မိဘပြည်သူများသိရှိပြီး အတူပူးပေါင်းပါဝင် ဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်ဆိုတာ ဆွေးနွေးတင်ပြလိုပါတယ်။ တစ်ဖက်မှာလည်း ကလေးများရဲ့ အသက်ရှင်သန်မှု အခွင့်အရေးကို ဥပဒေဖြင့် ကာကွယ်စောင့်ရှောက်မှုလည်းပါတယ်။ ပြစ်မှုဆိုင်ရာဥပဒေမှာ ကလေးအရှင် မွေးဖွားခြင်းကို တားဆီးမှု၊ ဖွားမြင်ပြီးနောက် သေစေမှု၊ လှုပ်ရှားသောကိုယ်ဝန်ရှိ အမိဝမ်းတွင်းမှ ကလေးကို သေစေမှုတို့အတွက် ထောင်ဒဏ် ၁၀ နှစ်အထိ ပြစ်ဒဏ်ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားပါတယ်။

ဒုတိယကဏ္ဍကတော့ ကာကွယ်စောင့်ရှောက်မှု အခွင့်အရေးဖြစ်ပါတယ်။ ကလေးများကို လွဲမှားစွာပြုကျင့်မှု၊ လျစ်လျူရှုမှုနှင့် ခေါင်းပုံဖြတ်မှုတို့မှ အကာအကွယ်ပေးရေးအပါအဝင် အထူးကာကွယ်စောင့်ရှောက်မှုလိုအပ်သော ကလေးသူငယ်များအား အကာအကွယ်ပေးခြင်းတို့ပါဝင်ပါတယ်။ ဒီနေရာမှာ အထူးကာကွယ်စောင့်ရှောက်မှု လိုအပ်သော ကလေးသူငယ်များဆိုတာ ဘယ်လိုကလေးမျိုးလဲဆိုတာရှင်းပြလိုပါတယ်။ ကလေးသူငယ် ဥပဒေမှာလည်း ပုဒ်မ-၃၂ တွင်ပြဋ္ဌာန်းထားပါတယ်။ အင်္ဂလိပ်လိုတော့ အတိုကောက်အားဖြင့် CNSP၊ အရှည်အားဖြင့် Child in Need of Special Protection ဖြစ်ပါတယ်။ အဲဒီ CNSP ကလေးအမျိုးအစားမှာပါတဲ့ ကလေးတွေကတော့ မိဘ/အုပ်ထိန်းသူမရှိသူ၊ မိဘ/အုပ်ထိန်းသူက လျစ်လျူရှု ပစ်ပယ်ခြင်းခံရသူ၊ တောင်းရမ်းစားသောက်သူ၊မိဘ/အုပ်ထိန်းသူတို့က ထိန်းသိမ်းမရနိုင်လောက်အောင် ဆိုးသွမ်းသူ၊ ရက်စက်သော မိဘ/အုပ်ထိန်းသူ၏ထိန်းသိမ်းမှုအောက်တွင်ရှိသူ၊ စိတ်ပေါ့သွပ်သူ၊ ကူးစက်တတ်သော ရောဂါစွဲကပ်နေသူ၊ မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးသုံးစွဲသူ၊ ညှဉ်းပန်းနှိပ်စက်ခြင်း သို့မဟုတ် လွဲမှားစွာ အသုံးချခြင်းခံရသူ စသည်တို့ဖြစ်ပါတယ်။

ကလေးများကို လွဲမှားစွာပြုကျင့်မှုဆိုတာကတော့ ကလေး၏ ဖွံ့ဖြိုးမှု၊ ဘဝလုံခြုံမှုနှင့် အသက်ရှင်ရပ်တည်နိုင်မှုတို့ကိုအန္တရာယ်ဖြစ်စေသော ပြုကျင့်မှုများဖြစ်ပါတယ်။ ကလေးကို လျစ်လျူရှုခြင်းဆိုတာကတော့ ကလေးကို စွန့်ပစ်ခြင်း၊ ကလေးများ၏ အဓိကလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်ပျက်ကွက်ခြင်းတို့ ဖြစ်ပါတယ်။ ကလေးကိုခေါင်းပုံဖြတ်ခြင်းကတော့ ကလေးကို အန္တရာယ်ဖြစ်စေသော၊ ကလေး၏ပညာသင်ကြားရေးကို အဟန့်အတားပြုသော၊ ကလေး၏ ကျန်းမာရေး၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ အကျင့်စာရိတ္တပိုင်းဆိုင်ရာ ဖောက်လွှဲဖောက်ပြန်ဖြစ်စေသော ပြုမူဆောင်ရွက်မှုများဖြစ်ပါတယ်။ ကလေးသူငယ်ဥပဒေ၊ ပြစ်မှုဆိုင်ရာဥပဒေတို့မှာ ကလေးသူငယ်များအား လွဲမှားစွာ ပြုကျင့်မှု၊ လျစ်လျူရှုမှုနှင့် ခေါင်းပုံဖြတ်မှုများအတွက် ကာကွယ်ပေးထားတဲ့ ပြဋ္ဌာန်းချက်များစွာ ပါရှိပါတယ်။

ကလေးသူငယ် ဥပဒေပုဒ်မ ၆၅ နှင့် ၆၆ တို့တွင် ကလေးသူငယ်အား ဘေးအန္တရာယ်ဖြစ်စေနိုင်သော၊ အကျင့်စာရိတ္တပျက်ပြားစေနိုင်သော အလုပ်များ ခိုင်းစေခြင်း၊ ပြည့်တန်ဆာအဖြစ် အသက်မွေးဝမ်းကျောင်းပြုစေခြင်း၊ တောင်းရမ်းစားသောက်ရန် ခိုင်းစေခြင်း၊ တမင်နှိပ်စက်ညှဉ်းပန်းခြင်း၊ ညစ်ညမ်းသောရုပ်ရှင်၊ ဗီဒီယို၊ ရုပ်မြင်သံကြား သို့မဟုတ် ဓာတ်ပုံရိုက်ကူးခြင်းစတဲ့ လွဲမှားသော အပြုအမူများ မပြုလုပ်ရန် တားမြစ်ထားပြီး ကျူးလွန်ပါက ထောင်ဒဏ် နှစ်နှစ်အထိ ချမှတ်နိုင်ပါတယ်။ ထို့အတူပဲ ပြစ်မှုဆိုင်ရာ ဥပဒေမှာ အရွယ်မရောက်သေးသူကို ခိုးယူခြင်း၊ သွေးဆောင်ဆွဲခေါ်ခြင်း၊ ပြည့်တန်ဆာကိစ္စအလို့ငှာ ရောင်းခြင်း၊ ဝယ်ခြင်း၊ လက်ရောက်မှု၊ မုဒိန်းမှုကျူးလွန်ခြင်းတို့အတွက် အမြင့်ဆုံးပြစ်ဒဏ်အဖြစ် တစ်သက်တစ်ကျွန်းဒဏ်အထိ ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားပါတယ်။ ကလေးကို မိဘ သို့မဟုတ် အုပ်ထိန်းသူက စွန့်ပစ်ခြင်းအတွက်လည်း ခုနစ်နှစ်ထိ ထောင်ဒဏ်ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားပါတယ်။

ကလေးများကို လွဲမှားစွာ ပြုမူမှုအပိုင်းမှာ အချို့သောမိဘများနှင့် ဆရာ၊ ဆရာမများရဲ့ လွဲမှားသော အယူအဆလေးကို အနည်းငယ် ဆွေးနွေးတင်ပြလိုပါတယ်။ အဲဒါကတော့ ကလေးကို ရိုက်နှက်တဲ့ပြဿနာပါပဲ၊ နိုင်ငံတကာသုတေသနများရဲ့ ရလဒ်များအနေနဲ့ ကလေးကို ရိုက်နှက်ပြစ်ဒဏ်ပေးခြင်းဟာ စည်းကမ်းရှိစေလိုတဲ့ ရည်ရွယ်ချက်နဲ့ ပြုလုပ်တာဖြစ်ပေမယ့် ထိရောက်မှုမရှိရုံသာမက ကလေးကို ကြမ်းကြုတ်အောင် ပြုလုပ်လိုက်ခြင်းသာဖြစ်တယ်။ အကြမ်းဖက်မှုဟာ လက်ခံနိုင်တဲ့ အပြုအမူဖြစ်တယ်လို့ ကလေးကယူဆသွားစရာဖြစ်တယ်လို့ တွေ့ရှိရပါတယ်။ ဥပမာ-မိဘကမကြာခဏ ရိုက်နှက်အပြစ်ပေးခြင်းခံရတဲ့ ကလေးတစ်ဦးဟာ အခြားကလေးတစ်ဦးကို အနိုင်ကျင့်ဖို့ ဝန်မလေးတတ်တဲ့ ကလေးဖြစ်သွားတတ်ပါတယ်။ ဒါ့အပြင် မကြာခဏ အပြစ်ပေးခြင်းခံရတဲ့ ကလေးဟာ လိုက်လျောညီထွေ နေနိုင်စွမ်း နည်းပါးလာပြီး စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုအကျိုးဆက်ကိုလည်း ဖြစ်ပေါ်စေကြောင်း တွေ့ရှိရပါတယ်။ ထို့ကြောင့် မိဘ၊ ဆရာသမားများအနေနဲ့ ကလေးများကို ကြောင်းကျိုးပြပြောဆိုခြင်း၊ ကလေးရဲ့လိုလားအပ်သော အပြုအမူအတွက် ဆုပေးခြင်း၊ ကလေးများအပေါ် ပိုမိုအာရုံစိုက်ခြင်း၊ ချီးမွမ်းခြင်းတို့ဟာ ကလေးများ၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုအတွက် ပိုမိုထိရောက်မှုရှိကြောင်း ဆွေးနွေးတင်ပြလိုပါတယ်။

ကလေးသူငယ်များရဲ့ ကာကွယ်စောင့်ရှောက်မှု အခွင့်အရေးကဏ္ဍမှာ ထည့်သွင်းဆွေးနွေးလိုတဲ့ အချက်တစ်ရပ်ကတော့ ဥပဒေနှင့် ဆန့်ကျင်သော၊ တစ်နည်းအားဖြင့် ပြစ်မှုကျူးလွန်သော ကလေးသူငယ်များအကြောင်း ဖြစ်ပါတယ်။ ပြစ်မှုကျူးလွန်တယ်ဆိုတဲ့နေရာမှာ ခိုးမှု၊ ခါးပိုက်နှိုက်မှုစတဲ့ အသေးအဖွဲပြစ်မှုမှသည် လူသတ်မှု၊ မုဒိန်းမှု၊ မူးယစ်ဆေးဝါးရောင်းဝယ်မှု စသည့် ပြစ်မှုကြီးများ ကျူးလွန်တယ်လို့ စွပ်စွဲခံရတဲ့ ကလေးသူငယ်အားလုံး ပါဝင်ပါတယ်။ ဒီလိုပြစ်မှုကျူးလွန်တဲ့ ကလေးတွေကို ဘယ်လိုကာကွယ်စောင့်ရှောက်မှုတွေပေးရမယ်ဆိုတာ ကလေးသူငယ်ဥပဒေမှာ အတိအလင်း ပြဋ္ဌာန်းပါရှိပါတယ်။

ပြစ်မှုဆိုင်ရာ ဥပဒေအရလည်း အသက်ခုနစ်နှစ်မပြည့်သေးတဲ့ ကလေးသူငယ်တစ်ဦးရဲ့ ပြုလုပ်မှုဟာ ပြစ်မှုမမြောက်ကြောင်း၊ ပြုလုပ်မှု၏ သဘောသဘာဝနဲ့ အကျိုးအပြစ်ကို သိနားလည်လောက်အောင် အမြော်အမြင်နဲ့ မပြည့်စုံသေးတဲ့ အသက်ခုနစ်နှစ်နဲ့ အသက် ၁၂ နှစ်ကြား ကလေးရဲ့ ပြုလုပ်မှုဟာလည်း ပြစ်မှုမမြောက်ကြောင်း ပြဋ္ဌာန်းထားပါတယ်။ ကလေးသူငယ်ဥပဒေအရ ပြစ်မှုကျူးလွန်သည့်ကလေးကို ဖမ်းဆီးလျှင် လက်ထိတ်ခတ်ခြင်း၊ ကြိုးဖြင့်ချည်နှောင်ခြင်းမပြုရန်၊ လူကြီးတရားခံများနဲ့ ရောနှောမထားရန်၊ ကလေး သူငယ်မှုခင်းကို သီးခြားရုံးအဆောက်အအုံ၌ စစ်ဆေးရန်၊ အမှုစစ်ဆေးဆဲကာလမှာလည်း ကလေးကို ဝန်ခံချုပ်ဖြင့် အပ်နှံရန်သာဖြစ်ပြီး ကလေးသူငယ်ကို မည်သည့်အကြောင်းနှင့်မျှ ချုပ်မိန့်မပေးရန် ဥပဒေက အတိအလင်း ပြဋ္ဌာန်းပေးထားပါတယ်။

ကလေးသူငယ် ပြစ်မှုကျူးလွန်ကြောင်း စစ်ဆေးပေါ်ပေါက်ပါကလည်း ကလေးကို သေဒဏ်၊ တစ်သက်တစ်ကျွန်းဒဏ်၊ ကြိမ်ဒဏ်ချမှတ်ခြင်းမပြုရန်နှင့် သာမန်အားဖြင့် ကလေးကို ထောင်ဒဏ်ချမှတ်ခြင်းမပြုရန် ပြဋ္ဌာန်းထားပါတယ်။ ဘယ်အခါမှာ ကလေးကို ထောင်ဒဏ်ချမှတ်နိုင်သလဲဆိုတော့ ကလေးဟာ သေဒဏ် သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ် ချမှတ်နိုင်တဲ့ ပြစ်မှုကျူးလွန်တဲ့အပြင် အကျင့်စာရိတ္တ လွန်စွာပျက်စီးနေခြင်း၊ ထိန်းသိမ်းမရနိုင်လောက်အောင် ဆိုးသွမ်းနေမှသာလျှင် ထောင်ဒဏ်ချမှတ်ရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီထောင်ဒဏ်ဟာလည်း ခုနစ်နှစ်ထက်မပိုစေရပါ။ ဒီလိုကိစ္စမျိုးကလည်း အလွန်ရှားပါးပါတယ်။ ကလေးကို ပြစ်ဒဏ်ပေးတဲ့နေရာမှာ ဆိုဆုံးမပြီးလွှတ်တာ၊ ခံဝန်ချုပ်ဖြင့် မိဘထံပြန်အပ်တာ၊ သင်တန်းကျောင်းများကိုပို့တာစတဲ့ ပြစ်ဒဏ်လောက်သာပေးရတာ များပါတယ်။

တတိယကဏ္ဍကတော့ ဖွံ့ဖြိုးတိုးတက်မှုအခွင့်အရေးဖြစ်ပါတယ်။ ကလေးသူငယ်များရဲ့ ပညာသင်ယူ ပိုင်ခွင့်အပါအဝင် ကာယ၊ ဉာဏ၊ စိတ်ဓာတ်နှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုတို့အတွက် လုံလောက်တဲ့ လူနေမှု အဆင့်အတန်း ရပိုင်ခွင့် အခွင့်အရေးဖြစ်ပါတယ်။ ကလေးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးဟာ အရေးကြီးတဲ့ လုပ်ငန်းတစ်ရပ်ဖြစ်ပါတယ်။ ကျောင်းတွင်းပညာရေး၊ ကျောင်းပြင်ပ ပညာရေးစတဲ့ သင်ကြားမှု အသွယ်သွယ်နဲ့ ပညာသင်ကြားပေးရပါတယ်။ ဒါကြောင့် နိုင်ငံတော်က ချမှတ်ထားတဲ့ ကျောင်းနေရွယ်ကလေးတိုင်း ကျောင်းနေရေး၊ မူလတန်းပညာပြီးဆုံးအောင် အခမဲ့သင်ကြားနိုင်ရေးစတဲ့ စီမံချက်များအပြင် အရည်အချင်းပေါ်မူတည်ပြီး အဆင့်မြင့်ပညာသင်ကြားမှု အခွင့်အရေး၊ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားမှု အခွင့်အရေးများကို မြို့ပြဒေသရှိ ကလေးများသာမက ကျေးလက်ဒေသရှိ ကလေးများ၊ တိုင်းရင်းသားလူမျိုးအများစုများမှ ကလေးများပါ ရရှိခံစားစေရန် ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ထို့အတူ ကလေးသူငယ်များအတွက် အားကစားလှုပ်ရှားမှု၊ အပန်းဖြေမှုနဲ့ ယဉ်ကျေးမှုဆိုင်ရာ လှုပ်ရှားမှုများစွာ ပါဝင်နိုင်မှု အခွင့်အရေးများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

အခုနောက်ဆုံး စတုတ္ထကဏ္ဍဖြစ်တဲ့ ပါဝင်ဆောင်ရွက်ခွင့် အခွင့်အရေးအကြောင်း ဆွေးနွေးတင်ပြလိုပါတယ်။ ကလေးသူငယ်များအပေါ် သက်ရောက်မှုတစ်ခုခုဖြစ်စေမယ့် ကိစ္စရပ်များအားလုံးမှာဖြစ်စေ၊ ကလေးသူငယ်နဲ့စပ်ဆိုင်တဲ့ ကိစ္စရပ်များအားလုံးမှာဖြစ်စေ ကလေးများရဲ့အမြင်ကို သူတို့ကိုယ်တိုင်ပြောဆိုခွင့်ပေးခြင်း၊ ဝင်ရောက်ဆောင်ရွက်ခွင့်ပေးခြင်း အခွင့်အရေးဖြစ်ပါတယ်။ ဒီအခွင့်အရေးကို ပေးတဲ့နေရာမှာ မိဘများအနေနဲ့ ကလေးများကို ဘေးအန္တရာယ်ဖြစ်စေမယ့် ပြင်ပပယောဂများမှ အကာအကွယ်ပေးရမယ်ဆိုတဲ့ အခွင့်အရေးနဲ့ ပဋိပက္ခဖြစ်နိုင်တာကြောင့် ခွဲခြားနားလည်ဖို့ လိုအပ်ကြောင်း ဆွေးနွေးတင်ပြလိုပါတယ်။

ကလေးသူငယ်များရဲ့ အခွင့်အရေးများအကြောင်းကို မိခင်၊ ဖခင်များသာမက ကလေးများနဲ့ထိတွေ့ ဆက်စပ်မှုရှိနေတဲ့ ပုဂ္ဂိုလ်အားလုံး သိရှိနားလည်ကြပြီး မိမိတို့ရဲ့ အနာဂတ်မျိုးဆက်သစ်လေးများ ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ ပြုစုပျိုးထောင်နိုင်ကြစေရန် ရေးသားတင်ပြလိုက်ရပါတယ်။ ။

ကျေးလက်စိုက်ပျိုးရေးကို အကျိုးပြုလျက်ရှိသည့် ရေလှောင်တမံများ

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် တည်ဆောက်ပေးထားသည့် လယ်ယာစိုက်ပျိုးရေးကို အကျိုးပြုလျက်ရှိသော ဟူးမွန် ရေလှောင်တမံကို တွေ့ရစဉ်။

(ဓာတ်ပုံ-ကြေးမုံ)



ရန်ကုန်တိုင်း၊ ဥက္ကံမြို့နယ်တွင် စိုက်ပျိုးရေရရှိရေးအတွက် တည်ဆောက်ပေးထားသည့် တဘူးလှ ရေလှောင်တမံကို တွေ့ရစဉ်။

(ဓာတ်ပုံ-ကြေးမုံ)



ဧရာဝတီတိုင်း၊ ဟသ်ာတခရိုင်၊ အင်္ဂပူမြို့နယ်တွင် တည်ဆောက်ပေးထားပြီး လယ်မြေဧက ၁၄၀၀၀ကို အကျိုးပြုလျက်ရှိသည့် နန်ကသူရေလှောင်တမံကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံ-ကြေးမုံ)

ပဲခူးတိုင်းအနောက်ခြမ်းသာယာဝတီခရိုင်အတွင်း စိုက်ပျိုးရေပေးဝေနိုင်ရန်အတွက် တည်ဆောက်ပေးခဲ့သည့် သုံးဆယ်ရေလှောင်တမံကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံ-ကြေးမုံ)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း ဝမ်ဟိုင်းတွင်ဒေသခံတိုင်းရင်းသား ခေါင်းဆောင် စဝ်ပန်ဖအား အမှတ်တရ လက်ဆောင် ပေးအပ်စဉ်။
(သတင်းစဉ်)

ရှေ့ဖုံးမှ

အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယ တိုင်းမှူး ဗိုလ်မှူးကြီးဝင်းမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျေးသီးမြို့နယ် ပြည်သူ့ဆေးရုံကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဆရာဝန်ဒေါက်တာမိုးထွန်းနှင့်တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ကျေးသီးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျေးသီးမြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဆရာ ဆရာမများနှင့်ကျောင်းသား ကျောင်းသူများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ကျေးသီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုဦးနှင့်တာဝန်ရှိသူများက မြို့နယ်၏ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေများ ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍အတွင်းရေးမှူး(၁)က ကျေးသီးမြို့နယ်၏ ကျန်းမာရေး၊ ပညာရေး၊ တယ်လီဖုန်း ဆက်သွယ်ရေး၊ ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် အတွင်းရေးမှူး(၁)က ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ တစ်ဆင့် ရှမ်းပြည်နယ်(တောင်ပိုင်း)သို့ လာရောက်ရသည့် ခရီးစဉ်၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁)သည် ကျေးသီးမြို့ အခြေခံပညာ အထက်တန်းကျောင်းအတွက် သင်ထောက်ကူပစ္စည်းများ၊မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် ဗလာစာအုပ်များကို ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းယုမေအား လည်းကောင်း၊မြို့နယ်ပြည်သူ့ဆေးရုံအတွက် ဆေးပစ္စည်းများကို မြို့နယ်ဆရာဝန် ဒေါက်တာမိုးထွန်းအားလည်းကောင်း ပေးအပ်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး အတွင်းရေးမှူး(၁) သည် ဌာနဆိုင်ရာများနှင့် ဒေသခံများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျေးသီးမြို့အခြေခံပညာအထက်တန်းကျောင်း၏ သင်ကြားမှု သင်ယူမှုအထောက်အကူပြု စာသင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ကျောင်းသား၊ ကျောင်းသူများအား နှုတ်ဆက်အားပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျေးသီးမြို့ စတုဒီသ မဟာဝိဟာရ (၂)မိုင် ဝတ်ပေါင်ကျောင်းသို့ သွားရောက်၍ ဘဝနတ်ထံ ပျံလွန်တော်မူသွားသည့် (၂)မိုင် ဝတ်ပေါင်ကျောင်း ပဓာနနာယက သက်တော်(၁၀၁)နှစ်နှင့် သိက္ခာတော် (၈၁)ဝါရှိ ဆရာတော်ကြီး ဘဒ္ဒန္တ ဇဝန၏ ရုပ်ကလာပ်တော်အား ဖူးမြော် ကန်တော့ကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နားထွမ်ကျောင်း ဆရာတော် ဘဒ္ဒန္တ ဒေဝိန္ဒ အမှူးပြုသည့် ဆရာတော် သံဃာတော်များအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဇူလိုင်၆ရက်တွင် ကျေးသီးမြို့၌ ညအိပ်ရပ်နားကြသည်။

မိုင်းကိုင်

အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ဇူလိုင် ၇ ရက် နံနက် ၇ နာရီ ၁၅မိနစ်တွင် ကျေးသီးမြို့မှ မိုင်းကိုင်မြို့သို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် မိုင်းကိုင်မြို့အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ကြပြီး ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

မိုင်းကိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်ကို တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်၊ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဝင်းထိန်နှင့် ကျောင်းဆောင်သစ် အလှူရှင် အိုလံပစ် ကုမ္ပဏီဥက္ကဋ္ဌ အာရှနေဘဏ်လီမိတက် ဒုတိယဥက္ကဋ္ဌဦးအိုက်ထွန်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယ ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များ ဝမ်ဟိုင်းတွင် ဒေသခံတိုင်းရင်းသားခေါင်းဆောင်များနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျောင်းဆောင်သစ်အတွင်းရှိ Computer Aided Instruction Room၊ Audio Visual Room တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျောင်းသား၊ ကျောင်းသူများအား မေးမြန်းနှုတ်ဆက် အားပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မိုင်းကိုင်မြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ကြပြီး အိုလံပစ်ကုမ္ပဏီက ဆောက်လုပ်လှူဒါန်းသည့် ၂၅-ခုတင်ဆံ့ မိုင်းကိုင်မြို့နယ် ပြည်သူ့ဆေးရုံအဆောက်အအုံသစ် ဖွင့်ပွဲသို့ တက်ရောက်အားပေးကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး စိုးဝင်း ကျေးသီးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ အမှာစကားပြောကြားပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း မိုင်းကိုင်မြို့ မွေတော်မြောက်ကျောင်း ဆရာတော် ဘဒ္ဒန္တ ရေဝတနှင့် သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။(သတင်းစဉ်)

စက်ခလုတ်နှိပ်ဖွင့်လှစ်

ရှေးဦးစွာ အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်နှင့် အလှူရှင်ဦးအိုက်ထွန်းတို့က ဖဲကြိုးဖြတ်၍ ဆေးရုံအဆောက်အအုံကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဆေးရုံအဆောက်အအုံသစ်အတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် ဆေးရုံအဆောက်အအုံသစ်ရှေ့၌ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြို့နယ် ပြည်သူ့ဆေးရုံ၌ တက်ရောက် ကုသနေကြသော လူနာများအား တွေ့ဆုံနှုတ်ဆက်အားပေးပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ရန်နောင်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြို့နယ် ရဲတပ်ဖွဲ့စခန်းသို့ ဝင်ရောက် ကြည့်ရှုစစ်ဆေးပြီး မိသားစုများအား နှုတ်ဆက်သည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင
သည် နံနက်၈နာရီတွင် မြို့နယ်ခ
၌ မြို့နယ် အေးချမ်းသာယာရေ
ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့
များ၊ ဌာနဆိုင်ရာများ၊ ပြည်ထော
ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင
များ၊ လူမှုရေး အသင်းအဖွဲ့ဝင်
မြို့မိမြို့ဖများ၊ ဒေသခံပြည်သူမျာ
တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် မြို့နယ် အေး
သာယာရေးနှင့် ဖွံ့ဖြိုးရေးကော
ဥက္ကဋ္ဌ ဦးသန်းဌေးညွန့်က မြို့နယ
ရပ်ကွက်နှင့်ကျေးရွာအုပ်စုများ ဖွဲ့
တည်ရှိမှု၊ တိုင်းရင်းသားလူမျိုးပေါ
စုစည်းနေထိုင်မှု၊ မြို့နယ်၏စီးပွား
ပညာရေး၊ ကျန်းမာရေး၊ လမ်း
ဆက်သွယ်ရေး အခြေအနေမျာ
ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်
ခင်မောင်မြင့်က ဖြည့်စွက် ရှင်း
တင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်
လျဉ်း၍ အတွင်းရေးမှူး(၁)က မြို့
၏ ပညာရေး၊ ကျန်းမာရေး၊မြို့

အတွက် ဌာနဆိုင်ရာ တာဝန်ရှိသူ အဆင့်ဆင့်က နိုင်ငံ့ဝန်ထမ်းများ၏ မွန်မြတ်သော တာဝန်ဝတ္တရားများကို စေတနာနှင့်ပေါင်းစပ်ကြိုးပမ်းဆောင်ရွက်ရေး၊ ဒေသခံ ပြည်သူများနှင့် တစ်သားတည်း ကျင့်ကြံနေထိုင်ရေး၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အပိုင်းက ကြိုးပမ်းဆောင်ရွက်နေသည့် တိုးတက်ဖြစ်ပေါ်မှု အခြေအနေများ၊ နိုင်ငံတော်နှင့်အတူ တိုင်းရင်းသားပြည်သူများက ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပုံများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အိုလံပစ်ကုမ္ပဏီ ဥက္ကဋ္ဌ၊ အာရှစနေဘဏ် လီမိတက် ဒုတိယဥက္ကဋ္ဌ ဦးအိုက်ထွန်းက

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး စိုးဝင်းသည် မိုင်းကိုင်မြို့အခြေခံပညာ အထက်တန်းကျောင်းအတွက် ကွန်ပျူတာ တစ်စုံကို ကျောင်းအုပ်ဆရာကြီး ဦးချစ်ဆွေအားလည်းကောင်း၊ မြို့နယ် အတွက် ဗလာစာအုပ်များကို မြို့နယ် ပညာရေးမှူး ဒေါ်ဘေဘီစိုးအား လည်းကောင်း၊ မြို့နယ်ပြည်သူ့ ဆေးရုံ အတွက် ဆေးပစ္စည်းများကို ဆေးရုံ အုပ်ကြီး ဒေါက်တာရန်နောင်အား လည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ မြို့မိ မြို့ဖတစ်ဦး ဖြစ်သည့် ဦးအောင်ဘက မြို့နယ် ပြည်သူ့ဆေးရုံအတွက် အလှူငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဌာနဆိုင်ရာ တာဝန်

**နိုင်ငံတော် အေးချမ်းသာယ
နှင့် ဖွံ့ဖြိုးရေးကောင်စီ အ
ရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်
စိုးဝင်း နမ့်စန်မြို့ အခြေခံ
အထက်တန်းကျောင်းအတွက်
ပျူတာတစ်စုံနှင့် ဗလာစာအုပ်
ပေးအပ်စဉ်။** (သတင်

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း မိုင်းကိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ် ဖွင့်ပွဲသို့ တက်ရောက်စဉ်နှင့် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ အခြေခံပညာ ဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဝင်းထိန်နှင့် အလှူရှင် ဦးအိုက်ထွန်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နံနက်ဂနာရီတွင် မြို့နယ်ခန်းမ၌ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းဌေးညွန့်က မြို့နယ်၏ ရပ်ကွက်နှင့်ကျေးရွာအုပ်စုများ ဖွဲ့စည်းတည်ရှိမှု၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်မှု၊ မြို့နယ်၏စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က မြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊မြို့တွင်း

လမ်းများ တိုးတက်ကောင်းမွန်ရေး၊ တယ်လီဖုန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးတို့အတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် မိုင်းကိုင်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း မိုင်းကိုင်မြို့ အခြေခံပညာ အထက်တန်းကျောင်းအတွက် ကွန်ပျူတာတစ်စုံနှင့် ဗလာစာအုပ်များ ပေးအပ်စဉ်။ (သတင်းစဉ်)

ရှိသူများ၊ ဒေသခံများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ဖူးမြော်ကြည်ညို

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မိုင်းကိုင်မြို့ သမိုင်းဝင်ရွှေမြင်ထင် စေတီတော်သို့ သွားရောက်ကြပြီး

ပေါ်တော်မူဘုရား

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ပေါ်တော်မူဘုရားကြီးအား ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မိုင်းကိုင်မြို့မှ နမ့်စန်မြို့နယ် ကိုးမိုင်ရှိ ခိုလန်-ဝမ်ဆင်း-မိုင်းနောင် - မိုင်းရှူးလမ်း ဖောက်လုပ်ရေး လုပ်ငန်းစခန်းသို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား နည်းဗျူဟာမှူး ဗိုလ်မှူးကြီးသာအောင်၊ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရှမ်းပြည်နယ် (တောင်ပိုင်း) အင်ဂျင်နီယာမှူးကြီး ဦးစိုးတင့်တို့က လမ်းလုပ်ငန်း ဆောင်ရွက်မှုနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် မြင့်သိန်းက လမ်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က လွိုင်လင်ခရိုင်အတွင်းရှိ လွိုင်လင်-တုံလောလမ်း၊ မိုင်းနောင်-ကျေးသီး-ပန်ကေတုလမ်း၊ ခိုလန်-ဝမ်ဆင်း-မိုင်းနောင်-မိုင်းရှူး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း နမ့်စန်မြို့နယ် ပြည်သူ့ဆေးရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လမ်း၊ လဲချား-မိုင်းနောင်
ဖာကီး-ဝမ်ဟိုင်း-နမ့်လောင်း
ကျေးသီး- နမ့်ပုတ်လမ်းတို့န
လျဉ်း၍ လည်းကောင်း၊ ရှမ်းပြ
(တောင်ပိုင်း)နှင့် (မြောက်
ဆက်သွယ်သည့် တန့်ယန်း
ကောင် - မိုင်းရှူးလမ်း၊ ဖ
ဝမ်ဟိုင်း- မိုင်းရယ်လမ်း၊ လွိုင်
လဲချား - မိုင်းကိုင်-ပန်ကေ
လောလမ်း၊ ရပ်စောက်-အင်
ကျောက်ဂူ- ကျောက်ဆုံ-တာ
နောင်ချိုလမ်းတို့နှင့်စပ်လျဉ်း၍
ကောင်း ရှင်းလင်းတင်ပြရာ အ
ရေးမှူး(၁)က လိုအပ်သည်
မှာကြားသည်။

နှုတ်ဆက်အားပေး

ယင်းနောက် အတွင်းရေးမှူး
အဖွဲ့ဝင်များသည် ခိုလန်-ဝမ်
မိုင်းနောင်လမ်းပိုင်းတွင် ကျော
ခြင်းလုပ်ငန်း ဆောင်ရွက်လျက်
တပ်မတော်သားများအား နှုတ်
အားပေးပြီး ကျောက်ခင်းလမ်း
အခြေအနေများကို ကြည့်ရှုစ
ကြသည်။

ခိုလန်- ဝမ်ဆင်း-မိုင်းနော
မှာ ၄၄မိုင်ရှိသည်။ အဆိုပါလ
မြေသားလမ်း အကျယ်
ကတ္တရာလမ်း အကျယ် ၁၂
လမ်းအဖြစ်ဖောက်လုပ်လျက်ရှိ

အတွင်းရေးမှူး(၁)နှင့်အဖွဲ့
သည် မွန်းလွဲ ၁၂ နာရီ ၄၅ မိန
ရဟတ်ယာဉ်ဖြင့်နမ့်စန်မြို့သို့
ကြရာ နမ့်စန်တပ်နယ်မှ ဗိုလ်
သူရမြင့်သိန်းနှင့် တပ်မတော်

စာမျက်နှာ ၁၀ ကော်လံ ၁

မိုင်းကိုင်မြို့၌ ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းခြင်း၊ ဆေးရုံ အဆောက်အအုံသစ် ဆောက်လုပ်လှူဒါန်းခြင်း အပါအဝင် မိုင်းကိုင်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်ပေးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး စိုးဝင်း မိုင်းကိုင်မြို့ မြို့နယ်ခန်းမ၌ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများအား တွေ့ဆုံ အမှာစကား ပြောကြားပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရွှေမြင်ထင်စေတီတော်နှင့် ဆုတောင်းပြည့် ဘုရားတို့အား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် မွေတော်မြောက်ကျောင်း၌ မွေတော်မြောက်ကျောင်း ဆရာတော် ဘဒ္ဒန္တ ရေဝတနှင့် ဆရာတော် သံဃာတော်များအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များအား တာဝန်ရှိသူများက သမိုင်းဝင် ရွှေမြင်ထင်စေတီတော်၌ ပေါ်တော်မူဘုရားကြီး ပေါ်ထွက်လာမှုနှင့် ပေါ်တော်မူဘုရားကြီးအား ရှေးမူမပျက် ပြုပြင်မွမ်းမံမှု၊ ဂန္ဓကုဋိတိုက် တည်ဆောက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

✧ စာမျက်နှာ ၉ မှ

ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြို့နယ် ပြည်သူ့ဆေးရုံသို့သွားရောက်ပြီး ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်းနှင့်လူနာများအားကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြို့နယ်ခန်းမ၌ ဌာနဆိုင်ရာများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်ဝင်းနှင့် မြို့နယ် ပညာရေးမှူး၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများက မြို့နယ်၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းမှာကြား

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ခိုင်မြဲရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဒေသခံပြည်သူများနှင့် တစ်သားတည်း ကျင့်ကြံနေထိုင်ရေးတို့ကို ရှင်းလင်းမှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)သည် နမ့်စန်မြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ကွန်ပျူတာတစ်စုံနှင့် မြို့နယ်အတွက် ဗလာစာအုပ်များကို မြို့နယ်ပညာရေးမှူး ဒေါ်စိန်စိန်အား ပေးအပ်သည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နမ့်စန်မြို့ရှိ သီးနှံ သစ်တော ရောနှောစိုက်ခင်းကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ဆီဆိုင်မြို့

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နမ့်စန်မြို့မှ ဆီဆိုင်မြို့သို့ ရဟတ်ယာဉ်ဖြင့်ရောက်ရှိကြရာ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဆီဆိုင်မြို့နယ် ပြည်သူ့ဆေးရုံကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြို့နယ်ခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးယဉ်ထွေးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံများနှင့် တွေ့ဆုံသည်။

ပေးအပ်

တွေ့ဆုံပွဲတွင် မြို့နယ်၏ တင်ပြချက်များ၊ လိုအပ်ချက်များကို အတွင်းရေးမှူး(၁)က ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆီဆိုင်မြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ကွန်ပျူတာတစ်စုံနှင့် မြို့နယ်အတွက် ဗလာစာအုပ်များကို မြို့နယ်ပညာရေးမှူး ဒေါ်နန်းငွေငွေအား ပေးအပ်သည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် တောင်ကြီးမြို့နယ် အေးသာယာမြို့သစ် စက်မှုဇုန်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား သံရည်ကျိုပုံလောင်း ပုံထောင်းစက်ရုံ တည်ဆောက်မည့်နေရာ၌ အေးသာယာမြို့သစ် စက်မှုဇုန်ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး ဦးမြင့်သိန်းက စက်ရုံတည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်သောင်းက သံရည်ကျိုစက်ရုံအတွက် လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စားသောက်ကုန်လုပ်ငန်း၏ ခရမ်းချဉ်သီးထွက် စားကုန်ပစ္စည်းစက်ရုံ (စီမံကိန်း)၏ စက်ပစ္စည်းများ တပ်ဆင်ထားမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အစိုးရ နည်းပညာကောလိပ်(အေးသာယာ) တည်ဆောက်ရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် တောင်ကြီးမြို့သို့ ရောက်ရှိကြသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၈ရက် နံနက်ပိုင်းတွင် ညောင်ရွှေမြို့နယ်ရှိ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် နန်းသီတာစခန်းအမှတ်(၂)သို့ ရောက်ရှိကြရာ စခန်းတာဝန်ခံ ဗိုလ်မှူးအောင်မင်းက စခန်း၌ ကြက်၊ ငါး မွေးမြူခြင်း လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက မွေးမြူရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် တိုးတက်အောင်မြင်ရေးအတွက် ပူးပေါင်းကူညီသွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကြည့်ဥဖောက်စက်နှင့် ကြက်ခြံများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ထွက်ခွာခဲ့ကြရာ နံနက်ပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တောင်ကြီးမြို့ အေးသာယာစက်မှုဇုန်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စားသောက်ကုန်လုပ်ငန်း၏ ခရမ်းချဉ်သီးထွက် စားကုန်ပစ္စည်းစက်ရုံ(စီမံကိန်း)တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန်မြို့ ကမ္ဘာအေး တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်ကြီး၌ ဝါကပ်တော်မူကြမည့် ပဓာန နာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓမ္မပါဠိပါရဂူ ဘဒ္ဒန္တ သုမင်္ဂလာလင်္ကာရ (Ph.D) အမှူးပြုသော သံဃာတော်အပါး ၃၅၀တို့အား အကျိုးဆောင်များနှင့် အလှူရှင်များ စုပေါင်းကာ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ၁၃၆၆ခုနှစ်၊ ဒုတိယဝါဆိုလပြည့်နေ့ ဇူလိုင် ၃၁ ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် သီရိမင်္ဂလာအနန္တဂုဏ်ရည် ငါးထပ်ကျောင်းတော်ကြီး တိပိဋကမဟာဂန္ဓာရုံ ကျောင်းတိုက်ကြီး အရှေ့ဝါယာလက်(၂)လမ်း ရေကူး-ကမ္ဘာအေး ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်ရာ ကိုယ်တိုင်ကပ်လှူ တရားတော်နာကြွရောက်ကြရန် ဖိတ်ကြားထားကြောင်းသိရသည်။ (က-ပ)

အေးမြချမ်းသာ မဟာစည်ရိပ်သာ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းနိုင်

ရန်ကုန် ဇူလိုင် ၁၄

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၇)ရပ်ကွက် ကျန်စစ်သားလမ်းမကြီး တောင်ငူလမ်းမှတ်တိုင်အနီးရှိ အေးမြချမ်းသာ မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက် ဆရာတော်အမှူးရှိသော ယောဂီ ဝါဆိုသံဃာ၊ ပင့်သံဃာအပါး ၃၀တို့အား (၁၀)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်ပွဲနှင့် လေးထပ်သိမ်ဓမ္မာရုံကြီး ဆက်လက်လှူဒါန်းပွဲကို ဇူလိုင် ၃၁ရက် ဒုတိယဝါဆိုလပြည့်နေ့ နံနက်၉နာရီတွင် ကျင်းပမည်ဖြစ်ရာ သင်္ကန်းတစ်စုံလျှင် ကျပ်၂၀၀၀ဖြင့် ရိပ်သာဖုန်း-၅၈၁၀၄၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပေးအပ်

တရားသူကြီးချုပ် ဦးအောင်တိုး ခရိုင်အဆင့် တရားသူကြီးများ မွမ်းမံသင်တန်းအမှတ်စဉ်(၃) သင်တန်းဆင်းပွဲတွင် သင်တန်းသားခေါင်းဆောင်တစ်ဦးအား သင်တန်းဆင်း ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ (သတင်းစဉ်)

ခရိုင်အဆင့် တရားသူကြီးများ မွမ်းမံသင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၄

ခရိုင်အဆင့် တရားသူကြီးများ မွမ်းမံသင်တန်း အမှတ်စဉ်(၃) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် တရားရုံးချုပ် ပင်မအဆောက်အအုံခန်းမ၌ကျင်းပရာ တရားသူကြီးချုပ် ဦးအောင်တိုး တက်ရောက် အမှာစကား ပြောကြားပြီး သင်တန်းဆင်း ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းအခမ်းအနားသို့ ဒုတိယ တရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ် တရားသူကြီးများ ဖြစ်ကြသော ဦးခင်မောင်အေး၊ ဦးခင်မြင့်၊ ဒေါက်တာတင်အောင်အေး၊ ဦးမြင့်သိန်း၊ ဦးထွန်းရှင်၊ ဦးချစ်လွင်၊ ဦးတင်အေး၊ တရားရုံးချုပ် ညွှန်ကြားရေးမှူးချုပ် ဦးစိုးညွှန့်နှင့် ညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်း တရားသူကြီး၊ တွဲဖက်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ အကြံပေးအရာရှိများ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၃၄ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်ခဲ့သည်။ အဆိုပါသင်တန်းကို တရားသူကြီးများ အရည်အသွေး ပိုမိုမြင့်မားစေရန်ရည်ရွယ်၍ ဖွင့်လှစ်ပို့ချခြင်းဖြစ်သည်။

(သတင်းစဉ်)

မြန်မာ့ထုတ်ကုန်နှင့် ကုန်သွယ်မှုလမ်းညွှန် ၂၀၀၄ ထုတ်ဝေ

ရန်ကုန် ဇူလိုင် ၁၄

မြန်မာ့ထုတ်ကုန်နှင့် ကုန်သွယ်မှုလမ်းညွှန်စာအုပ်ကို မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ဦးဆောင်လမ်းညွှန် ကြီးကြပ်မှုကိုခံယူပြီး ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၃၈လမ်းထောင့် အာရှပလာဇာ ပထမထပ် အခန်း(၁၅)တွင် ရုံးခန်း ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသော The Alternative Futures Media က စီစဉ်ထုတ်ဝေလိုက်ပြီဖြစ်သည်။

အဆိုပါစာအုပ်တွင် တစ်နိုင်ငံလုံးရှိ စက်မှုဇုန်များနှင့် စက်မှုဇုန်ပြင်ပရှိ စက်မှုလက်မှု ကုန်ထုတ်လုပ်ငန်းများနှင့် ယင်းထုတ်ကုန်ပစ္စည်းများကို ရောင်းဝယ်ဖောက်ကားနေကြသော ကုန်သွယ်ဝန်ဆောင်မှုလုပ်ငန်းများ၏ လုပ်ငန်းလိပ်စာများနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်များ၊ ဖက်စ်များနှင့် e-Mail လိပ်စာများ ဖော်ပြထားသည်။

The Alternative Futures Media က မြန်မာ့ထုတ်ကုန်နှင့် ကုန်သွယ်မှု လမ်းညွှန် ၂၀၀၅ ကို ဆက်လက် စီစဉ်ထုတ်ဝေသွားမည်ဖြစ်သဖြင့် မိမိလုပ်ငန်းနှင့်ပတ်သက်သည့် အချက်အလက်များကို ဖော်ပြစေလိုလျှင်ဖြစ်စေ၊ ကြော်ငြာထည့်လိုလျှင်ဖြစ်စေ လုပ်ငန်းရှင်များသည် The Alternative Futures Media ဖုန်း-၂၅၄၄၂၄၊ ၂၅၄၄၂၅၊ လိုင်းခွဲ၈၂၇ သို့လည်းကောင်း၊ Forever Group Computer ပထမထပ် မင်္ဂလာဈေး မန္တလေးမြို့၊ ဖုန်း-၀၂-၈၈၈၀၃ သို့ လည်းကောင်း ဆက်သွယ်ဆောင်ရွက်နိုင်သည်။ (က-ပ)

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အင်တာနက် သုံးစွဲသူများသို့ အသိပေးကြေညာချက်ထုတ်ပြန်

ရန်ကုန် ဇူလိုင် ၁၄

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အင်တာနက်သုံးစွဲသူများ၏ ကွန်ပျူတာများတွင် လက်ရှိအသုံးပြုလျက်ရှိသော Proxy Server Address (203.81.65.23)ကို ၂၀၀၄ခုနှစ် ဇူလိုင် ၁၅ရက်မှ စတင်၍ (ygncache.mpt.net.mm) ဖြင့် ပြောင်းလဲအသုံးပြုပါရန် အသိပေးကြေညာထားသည်။

(သတင်းစဉ်)

စာပေဗိမာန် စာအုပ်အသင်း အသင်းဝင်များသို့ စာအုပ်များဖြန့်မည်

ရန်ကုန် ဇူလိုင် ၁၄

စာပေဗိမာန်စာအုပ်အသင်းက စနစ်သစ်ဖြင့်ဖြန့်ချိသည့် (၁၇)အုပ်မြောက် စာအုပ်အဖြစ် ၂၀၀၁ ခုနှစ် စာပေဗိမာန်စာမူဆု သုတပဒေသာ (သိပ္ပံနှင့်အသုံးချသိပ္ပံပညာရပ်) ပထမဆုရ မောင်ကြင်နာ ရေးသားသည့် **"မြူတစ်မှုန်၊ နှင်းတစ်ပွင့်၊ မိုးရေတစ်စက်နှင့် လေညှင်းတစ်သွယ်"** စာအုပ်ကို ရန်ကုန်နှင့် နယ်အသင်းဝင်များသို့ဖြန့်ချိမည်ဖြစ်ရာ ရန်ကုန်အသင်းသားများအနေဖြင့် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်အသင်း၌ လာရောက်ထုတ်ယူနိုင်ကြောင်းနှင့် နယ်ရှိအသင်းဝင်များသို့လည်း စာအုပ်များပေးပို့လိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း ကရာတေးဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၁၄

၂၀၀၄ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း (၁၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) ကရာတေးဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းမြင့်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ တပ်မတော်တပ်ထိန်းချုပ် ဗိုလ်ချုပ်စောလှ၊ ဧရာဝတီရေတပ်စခန်း ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မော်သိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာရဲနိုင်ဝင်း၊ လေတပ်စခန်းဌာနချုပ်မှူးများ၊ အုပ်မှူး/တပ်မှူးများ၊ ဖိတ်ကြားထားသူများ၊ ရန်ကုန်တပ်နယ်နှင့် မင်္ဂလာဒုံတပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ အားကစားဝါသနာရှင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း (၁၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) ကရာတေးဒိုပြိုင်ပွဲတွင် တပ်မတော်(ရေ)၊ တပ်မတော်(လေ)၊ တိုင်းစစ်ဌာနချုပ်၊ တပ်မဌာနချုပ်များမှ ပြိုင်ပွဲဝင်အသင်း ၁၉သင်း ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲကို ဇူလိုင် ၁၆ရက်အထိ ကျင်းပသွားမည် ဖြစ်သည်။

(သတင်းစဉ်)

ရှင်းလင်းဟောပြော

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာ ဟောပြောပွဲ အခမ်းအနားကို စာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ရှင်းလင်းဟောပြောစဉ်။ (သတင်းစဉ်)

အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာ စာရင်းစစ်ချုပ်ရုံး၌ ဟောပြော

ရန်ကုန် ဇူလိုင် ၁၄

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာ ဟောပြောပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁နာရီတွင် စာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းနှင့် အတွင်းရေးမှူးအဖွဲ့ဝင် ဒေါက်တာဒေါ်ခင်မာထွန်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဘဏ္ဍာရေးနှင့် စီမံရေးရာလုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်း၊ စာရင်းစစ်ချုပ်ရုံးမှ တာဝန်ရှိသူများ၊ အမျိုးသမီးဝန်ထမ်းများ၊ မိသားစုဝင်များ စုစုပေါင်းအင်အား ၅၀၀ကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဘဏ္ဍာရေးနှင့် စီမံရေးရာလုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပေါ်ပေါက်လာပုံနှင့် နောက်ခံသမိုင်း၊ အဖွဲ့ချုပ်၏ ရည်ရွယ်ချက်ခုနစ်ရပ်နှင့် လုပ်ငန်းအဖွဲ့ ၁၆ခု၏လုပ်ငန်းတာဝန်များ၊ အဆင့်ဆင့်ဖွဲ့စည်းပုံများကို အသေးစိတ်ဆွေးနွေးပြောကြားပြီး "အမျိုးသမီးများဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းဆောင်ရွက်စို့" ဟူသော ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မွန်မြတ်သော ရည်ရွယ်ချက်များ အောင်မြင်ရေးအတွက် ဇာတိမာန်ထက်သန်သော မြန်မာအမျိုးသမီးများ၊ ယဉ်ကျေးသိမ်မွေ့ပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်၍ အားမာန်ပြည့်ဝသော မြန်မာအမျိုးသမီးများပေါ်ထွန်းရေးကို မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးက တစ်တပ်တပ်အား ပူးပေါင်းပါဝင်ကြရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် ဟောပြောပွဲအပြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဘဏ္ဍာရေးနှင့် စီမံရေးရာလုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်းက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းအား စာရင်းစစ်ချုပ်ရုံး၏ အထိမ်းအမှတ် လက်ဆောင်ပေးအပ်သည်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ဖျော်ဖြေရေးအစီအစဉ်များဖြင့် တင်ဆက်ဖျော်ဖြေခဲ့ကြသော အနုပညာရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးစိန်တင်က ဂုဏ်ပြုဆုငွေများ ချီးမြှင့်စဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ဖျော်ဖြေခဲ့ကြသော အနုပညာရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၁၄

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ဖျော်ဖြေရေးအစီအစဉ်များဖြင့် တင်ဆက်ဖျော်ဖြေခဲ့ရာတွင် ပါဝင်ခဲ့ကြသော အနုပညာရှင်များအား ဂုဏ်ပြုပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကဘာလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဂုဏ်ပြုပွဲအခမ်းအနားသို့ ပြန်ကြားရေး ဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ဂီတနှင့် ရုပ်ရှင်အနုပညာရှင်များ၊ စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးစိန်တင်က အမှာစကားပြောကြားပြီး အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ဖျော်ဖြေရေး အစီအစဉ်များဖြင့် တင်ဆက်ဖျော်ဖြေခဲ့ရာတွင် ပါဝင်ခဲ့ကြသော အနုပညာရှင်များဖြစ်ကြသည့် မြန်မာ့အသံ ခေတ်ပေါ်တေးဂီတ တီးဝိုင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန တီးဝိုင်း၊ ရုပ်ရှင်နှင့်ဂီတပညာရှင်ကြီးများဖြစ်ကြသည့် ဘိုကလေးတင့်အောင်၊ အကယ်ဒမီ ဂီတလုလင်မောင်ကိုကို၊ စန္ဒရားချစ်ဆွေနှင့် ပါဝင်ကပြခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရုပ်ရှင်အနုပညာရှင် ဦးညွန့်ဝင်းက အနုပညာရှင်များ ကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးစိန်တင်က နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရန်ကုန်မိုးရေချိန် (၁၄-၇-၂၀၀၄)		
ရန်ကုန်မြို့လယ်	–	၀ ဒသမ ၂၇ လက်မ
ကမ္ဘာအေး	–	၀ ဒသမ ၂၀ လက်မ
မင်္ဂလာဒုံ	–	၀ ဒသမ ၂၀ လက်မ

မှတ်သားဖွယ်ရာ မိုးရေချိန်များ (၁၄-၇-၂၀၀၄)		
သံတွဲ	–	၆ ဒသမ ၃၈ လက်မ
ကျောက်ဖြူ	–	၃ ဒသမ ၈၆ လက်မ
မုဒုံ	–	၂ ဒသမ ၉၁ လက်မ
ခန္တီး	–	၂ ဒသမ ၈၇ လက်မ
ဟုမ္မလင်း	–	၂ ဒသမ ၆၄ လက်မ

မိုးအသင့်အတင့် ရွာမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

ဆဲဗင်းဒေးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၁၇)ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁၄

အာဆီယံ ၁၀နိုင်ငံရှိ ဟိုတယ်များကို တစ်ပြေးညီ ကြယ်အဆင့်သတ်မှတ်ပြီး နိုင်ငံတကာသို့ကြေညာမည်။ ပါရီမြို့တွင် မြန်မာနိုင်ငံမှ ပထမဆုံး ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းကို ဆောက်လုပ်ရန် စီစဉ်၊ ထီရောင်းအားတွေ ပြန်လှုပ်တော့မည်လား ထီဆိုင်ကြီးများ အပိုဆုငွေ ထပ်တိုးပေး၍ ဆွယ်ပြန်ပြီ၊ မြန်မာနိုင်ငံ ထွက်ကုန် '၀'၃ကို တရုတ်က တိုင်းရင်းဆေးဖော်ရန် ဝယ်ယူမည် စသည့် ပြည်တွင်းရေးရာသတင်း ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ယနေ့ထက်တိုင် မမေ့ရက်နိုင် ဒိုင်ယာနာ့အလွမ်းပြေရေပန်း လန်ဒန်တွင် ဖွင့်၊ အိပ်ချ်အိုင်ဗွီ ကူးစက်မှု ၂၀၀၃ ခုနှစ်အတွင်းပိုများလာ ပြီးခဲ့သည့်နှစ်အတွင်း လူငါးသန်း ရောဂါကူးစက်ခဲ့ပြီး လူသုံးသန်းသေအစရှိသည့် နိုင်ငံတကာ သတင်းဆောင်းပါး စုံလင်စွာကို e-Empire Media House ဖုန်း- ၇၀၃၈၁၃ က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ (က-ပ)

အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ယှဉ်ပြိုင်ကြရန်နှိုးဆော်

ရန်ကုန် ဇူလိုင် ၁၄

အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီက ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ၂၀၀၄ခုနှစ်အတွက် (၁၅)ကြိမ်မြောက် ကျင်းပမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် သတ်မှတ်ထားသော ခေါင်းစဉ်မှာ "ဖွံ့ဖြိုးဝေစည် မြန်မာပြည်" ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဝင်လိုသူများသည် ၁၀ x ၁၂ လက်မထက် မငယ်သော အရွယ်အစား (Print) ပုံ လေးပုံအထိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို မိမိကိုယ်တိုင် ရိုက်ကူးကြောင်း၊ ထိုဓာတ်ပုံသည် ပြည်တွင်း၊ ပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်၊ ဓာတ်ပုံနှင့်စပ်လျဉ်းသည့် အကြောင်းအရာ (Caption) အပြည့်အစုံပါရှိရမည်။ ဓာတ်ပုံများပေးပို့သည့်အခါ ပြိုင်ပွဲဝင်သူ၏ ပတ်စ်ပို့ဓာတ်ပုံ နှစ်ပုံနှင့် ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဦးထွန်းမင်း ညွှန်ကြားရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ၂၂-၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ ၂၀၀၄ခုနှစ် အောက်တိုဘာ ၁၅ရက် နောက်ဆုံးထား၍ ပေးပို့ရမည်။ ပြိုင်ပွဲတွင် ဆုရရှိသော ဓာတ်ပုံပညာရှင်များ၏အမည်ကို ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလဆန်းတွင် ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ ဆုရရှိသူများအား အခမ်းအနားဖြင့် ထိုက်ထိုက်တန်တန်ဆုချီးမြှင့်မည်ဖြစ်သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၅-၇-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၄:၂၅ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- ၄:၅၅ ၈။ မျိုးချစ်တပ်မတော်
- ၅:၀၅ ၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** -The Legal Profession (ပထမနှစ်-ဥပဒေပညာအထူးပြု)
- ၅:၃၅ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၆။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၇။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မျက်ရည်မိုး (အပိုင်း-၆)**
- ၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၃။ အရှင်ဇနကာဘိဝံသ၏ ထေရုပ္ပတ္တိ "ဗုဒ္ဓမြတ်စွာသာသနာအတွက်တစ်ရက် မနားတစ်သက်ကြိုးစားခဲ့သည့်ဆရာတော်"
- ၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ပြည်သူ့တရားရှင် ရွှေသားမက်ဘယ်သူလဲ (အပိုင်း-၄)**
- ၂၆။ သင့်အတွက်မနက်ဖြန်
- ၂၇။ အပိတ်နှုတ်ဆက်စကား
- ၂၈။ ပြီးပါပြီ။

➪ ကျောဖုံးမှ

ဆက်လက်ဆောင်ရွက်မည့် အခြေအနေများ၊ အင်ဂျင်နီယာမှူး ဦးကျော်ရှိန်က ကမ်းနီဘက်ခြမ်းတံတား ချဉ်းကပ်လမ်းဖောက်လုပ်မှု အခြေအနေ၊ ကျောက်ချောင်းကြီးတံတား တည်ဆောက်မှုအခြေအနေများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ညွှန်ကြားစီမံ

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေး၊ စံချိန်စံညွှန်းပြည့်မီစွာ တည်ဆောက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားကာ ညှိနှိုင်းစီမံဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ချဉ်းကပ်တံတား တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် ပြည်ပမှရောက်ရှိလာသော တံတားသံပေါင်နှင့် တံတားတည်ဆောက်ရေးပစ္စည်းများ စနစ်တကျ နေရာချထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါပုသိမ်တံတားသည် ပုသိမ်-ရွှေမြင်တင်-ဝါးယားချောင်းလမ်းပေါ်၌ တည်ရှိပြီး ငဝန်မြစ်၏ အရှေ့ဘက်ကမ်း မရမ်းချောင်းကျေးရွာနှင့် အနောက်ဘက်ကမ်း ကမ်းနီကျေးရွာတို့ကို ဆက်သွယ်မည့်တံတား ဖြစ်သည်။ တံတားအရှည် ပေ ၂၁၄၀ရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၈ပေရှိ သံပေါင်ကြိုးတံတားအဖြစ် တည်ဆောက်နေခြင်းဖြစ်သည်။

ယခုအခါ မရမ်းချောင်းရှိ အရှေ့ဘက်ကမ်း ချဉ်းကပ်တံတား တည်ဆောက်မှုမှာ ၃၀ရာခိုင်နှုန်း၊ ကမ်းနီကျေးရွာရှိ အနောက်ဘက်ကမ်း ချဉ်းကပ်တံတား တည်ဆောက်မှုမှာ ၃၀ရာခိုင်နှုန်း ပြီးစီးလျက်ရှိပြီး စီမံကိန်းတစ်ခုလုံး ၆၀ရာခိုင်နှုန်း ပြီးစီးလျက်ရှိကြောင်း သိရသည်။

ဖွံ့ဖြိုးတိုးတက်လာမည်

အဆိုပါ ပုသိမ်တံတား တည်ဆောက်ပြီးစီးသွားပါက ငဝန်မြစ်အနောက်ဘက်ကမ်းဒေသများဖြစ်သော ငွေဆောင်ကမ်းခြေ၊ ချောင်းသာကမ်းခြေအပါအဝင် ငပုတောမြို့နယ်၊ သာပေါင်းမြို့နယ် စသည့်ဒေသများ၌ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်လာပြီး ပင်လယ်ရေလုပ်ငန်းထွက်ကုန်များ၊ လယ်ယာထွက်ကုန်များကို ရန်ကုန်မြို့နှင့်တကွ ဒေသအနှံ့အပြားသို့ ကုန်စည်စီးဆင်းမှု ပိုမိုလွယ်ကူစွာ တင်ပို့ဆက်သွယ် သွားလာနိုင်မည်ဖြစ်ကာ ငဝန်မြစ်အနောက်ခြမ်းဒေသ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ကန်ကြီးဒေါင့်မြို့နယ် ကွင်းယားကြီး အရှေ့ကျေးရွာအုပ်စုရှိ မြို့ဝင် ဧက ၄၀၀ စံပြစိုက်ကွက်သို့ ရောက်ရှိကြပြီး ကိုယ့်မျိုးကိုယ်ပွား ခေါင်နှံပျိုးထောင်နည်းပညာ၊ ခေတ်သစ်ပျိုးထောင်စိုက်စနစ်နည်းပညာနှင့် စပါးတိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်း နည်းပညာ သရုပ်ပြပွဲသို့ လာရောက်လေ့လာကြသည့် ကွင်းယားအရှေ့ ကျေးရွာအုပ်စု အပါအဝင် ကျေးရွာအုပ်စု ၁၃ခုတို့မှ ဒေသခံတောင်သူ ၆၃၄ဦးအား တွေ့ဆုံသည်။

ရှေးဦးစွာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဒေါက်တာ ညီညီက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ ကုန်ကျစရိတ်သက်သာစွာဖြင့် စပါးအထွက်တိုးစေရန် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာတို့ကို နည်းစနစ်မှန်ကန်စွာ သုံးစွဲရေး ဆွေးနွေးရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဒေသခံတောင်သူများအား တွေ့ဆုံ၍ တစ်ဧက တင်း ၁၀၀ထွက်ရှိရေးနှင့် ယခုပြသသည့် သရုပ်ပြစိုက်ပျိုးမှုများနှင့်အညီ ကြိုးပမ်းစိုက်ပျိုးကြရေး တိုက်တွန်းဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် သရုပ်ပြစိုက်ပျိုးပွဲ၌ ပြသထားသော ပညာပေးပြခန်းကိုလည်းကောင်း၊ ကိုယ့်မျိုးကိုယ်ပွား ခေါင်နှံမျိုးသန့်စပါး စိုက်ပျိုးခြင်းနည်းပညာ၊ ခေတ်သစ်ပျိုးထောင်စိုက်စနစ် နည်းပညာနှင့် စပါးတိုက်ရိုက်အစေ့ချ စိုက်ပျိုးခြင်းနည်းပညာဖြင့် သရုပ်ပြစိုက်ပျိုးထားမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တိုင်းစိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးလှမျိုးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ကန်ကြီးဒေါင့်မြို့နယ်၌ ယခုနှစ် မိုးစပါး ၁၄၂၈၅၇ဧက လျာထားသည့်အနက် ဧက ၅၉၅၂၀ စိုက်ပျိုးပြီးကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကျောင်းကုန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး သင်ကြားမှု သင်ယူမှု အထောက်အကူပြု စာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ၊ ဖိတ်ကြားထားသူများ၊ ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ စာသင်ခန်းဖွင့်ပွဲဆိုင်းဘုတ်ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ခိုင်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက သင်ကြားမှု သင်ယူမှု အထောက်အကူပြု စာသင်ခန်းများဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် Language Lab Room၊ Computer Application Room၊ Computer Aided Instruction Room၊ Electronic Media Room၊ Reading Corner (Printed Media)Room၊ Electronic Media (Audio System Room) နှင့် အနုပညာပြခန်းတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ဖွင့်ပွဲဒုတိယပိုင်းအစီအစဉ်ကို အဆိုပါကျောင်းရှိ ဂါဒီယန် ဦးစိန်ဝင်းခန်းမ၌ကျင်းပရာ ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူလေးများက ဂီတဖြင့် ဖျော်ဖြေသည်။ ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ခိုင်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်တို့က သင်ကြားမှု သင်ယူမှု အထောက်အကူပြုစာသင်ခန်းများ ပေါ်ပေါက်လာရေးအတွက် ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ကျောင်းကုန်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းအတွက် အလှူငွေကျပ်နှစ်သိန်းကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ခိုင်က လက်ခံသည်။

အမှာစကားပြောကြား

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အမှာစကားပြောကြားရာတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး တည်ဆောက်ရာတွင် အခြေခံအချက် သုံးချက်ဖြစ်သော ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့ လိုအပ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု သတ်မှတ်၍ တက္ကသိုလ်များ၊ ဆေးရုံကြီးများကို ဖွင့်လှစ်ပေးခဲ့ရာ ဧရာဝတီတိုင်း၌ ပုသိမ်၊ ဟင်္သာတ၊ မအူပင်မြို့များတွင် တက္ကသိုလ်များ ဖွင့်လှစ်နိုင်ခဲ့၍ ဒေသခံ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိဒေသမှာပင် ဘွဲ့၊ ဒီဂရီများ ရယူနိုင်ပြီဖြစ်ကြောင်း၊ ထို့ပြင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး (၅)ရပ်ချမှတ်ကာ ကျေးလက်ပညာရေးမြှင့်တင်ရေးကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ကျေးလက်ကျောင်းများ၌ ခေတ်မီသင်ထောက်ကူပစ္စည်းများ တိုးချဲ့ဖြည့်ဆည်းပေးနိုင်သကဲ့သို့ ဆရာ၊ ဆရာမများပါ တိုးချဲ့ခန့်ထား ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အပိုင်း၊ အလှူရှင်၊ ကျောင်းအကျိုးဆောင်၊ ကျောင်းသားမိဘများ ပူးပေါင်း၍ ယခုကဲ့သို့ သင်ကြားမှုသင်ယူမှု အထောက်အကူပြု စာသင်ခန်းများကို ဖွင့်လှစ်နိုင်ခဲ့ခြင်းသည် သာဓကတစ်ခုဖြစ်ကြောင်း၊ နိုင်ငံတော်၏ အနာဂတ်အတွက် ပညာတတ်များ၊ ထူးချွန်သည့်ပညာရှင်များ၊ သိပ္ပံပညာရှင်များ ပေါ်ထွက်လာရန် နိုင်ငံတော်နှင့်အတူ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ယခုဖွင့်လှစ်ပြီး စာသင်ခန်းများကိုလည်း ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် အလှူရှင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ကျောင်းဆောင်သစ်ဖွင့်ပွဲ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကျောင်းကုန်းမြို့နယ် ကန်ဒေါင့်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းဆောင်သစ်ကို တိုင်းပညာရေးမှူး ဦးမောင်မောင်နှင့် အလှူရှင် ဦးတင်ခတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အလှူရှင် ဦးတင်ခက ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကျောင်းဆောင်သစ်နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို တိုင်းပညာရေးမှူး ဦးမောင်မောင်ထံ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါကျောင်းဆောင်သစ်မှာ အလျား ၆၂ပေ၊ အနံ ပေ ၃၀ရှိ တစ်ထပ်အုတ်ကျောင်းဆောင်ဖြစ်ပြီး နိုင်ငံတော်က ထည့်ဝင်ငွေကျပ် ၁၃သိန်း၊ အလှူရှင် ဦးတင်ခ၏ လှူဒါန်းငွေကျပ် ၆၄သိန်း ငါးသောင်းအပါအဝင် စုစုပေါင်း ၇၇သိန်း ငါးသောင်းတန်ဖိုးရှိကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကျောင်းကုန်းမြို့နယ် မြို့နယ်မိုးလုံလေလုံ အားကစားခန်းမ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့က မြို့နယ်အားကစားခန်းမကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ မြို့နယ် မိုးလုံလေလုံ အားကစားခန်းမအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနား ဒုတိယအပိုင်းအစီအစဉ်များကို ခန်းမအတွင်း၌ ဆက်လက်ကျင်းပရာ အားကစားခန်းမနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ကျောင်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်စိန်က တိုင်းအားကစားမှူး ဦးတင်မောင်ရီအား ပေးအပ်သည်။

ထို့နောက် အလှူရှင် ဦးငွေသိမ်းက အလှူငွေကျပ် ၃၆သိန်းကို တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်အား ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမှာစကားပြောကြားပြီး ကျောင်းကုန်း၊ ရေကြည်၊ ပန်းတနော် မြို့နယ်များအတွက် အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

သရုပ်ပြတင်ဆက်

ဆက်လက်၍ အားကစားသရုပ်ပြအဖွဲ့များက အေရိုးဗစ်၊ မြန်မာ့သိုင်း၊ ရိုးရာခြင်းလုံးခတ်နှင့် ဝူရှူးအားကစားနည်းများကို သရုပ်ပြတင်ဆက်ကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့က အားကစားသရုပ်ပြအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။ အဆိုပါ အားကစားခန်းမမှာ ပြည်သူလူထုထည့်ဝင်ငွေ၊ အလှူရှင် ဦးငွေသိမ်း၏ လှူဒါန်းငွေနှင့် နိုင်ငံတော်၏ ထည့်ဝင်ငွေ စုစုပေါင်း ၁၆၁၁၁၄၁၂ ကျပ်ဖြင့် တည်ဆောက်ခဲ့ကြောင်း သိရသည်။ ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ညောင်တုန်းမြို့နယ် ဗိုလ်မြတ်ထွန်းတံတားသို့ ရောက်ရှိကြပြီး တံတားကြီး အစဉ်ကြံ့ခိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းအား ရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ခရိုင်အင်ဂျင်နီယာမှူး ဦးစိုးကျော်မိုးက တံတားကြီး အစဉ်ကြံ့ခိုင်ရေးအတွက် ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှမြင့်သိန်းက ဧရာဝတီမြစ်ရေလမ်းကြောင်း စီးဆင်းမှု၊ ရေတိုက်စားမှု ကာကွယ်ရေးအတွက် ကြိုတင်ဆောင်ရွက်နေမှုများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက တံတားကြီး အစဉ်ကြံ့ခိုင်ရေးအတွက် စနစ်တကျ ကြိုတင်စီမံဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားပြီး ဗိုလ်မြတ်ထွန်းတံတားကြီး အစဉ်ကြံ့ခိုင်ရေးအတွက် ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး ညောင်တုန်းမြို့နယ် ဇီးဖြူကျွန်း၊ မြန်မာဘီလီယံဂရု(ပ်)ကုမ္ပဏီ အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရေကြီးကွင်း၊ ရေနက်ကွင်းများတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်လျက်ရှိသည့် တိုင်းရင်းသားလုပ်ငန်းရှင် ကုမ္ပဏီအဖွဲ့အစည်းများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းရင်းသား လုပ်ငန်းရှင် ကုမ္ပဏီအဖွဲ့အစည်းပေါင်း ၂၇ခုတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ၂၀၀၄-၂၀၀၅ခုနှစ် ဧရာဝတီတိုင်းအတွင်း တိုးချဲ့ဆောင်ရွက်မည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် တိုင်းရင်းသားလုပ်ငန်းရှင် ကုမ္ပဏီအဖွဲ့အစည်းများ၏ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ပါဝင်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရေကြီးကွင်း၊ ရေနက်ကွင်းများ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်လျက်ရှိသည့် တိုင်းရင်းသားလုပ်ငန်းရှင်များ၊ ကုမ္ပဏီအဖွဲ့အစည်းများမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး တိုင်း၊ ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ပေါ်ပေါက်လာရေးအတွက် အဘက်ဘက်က ဆောင်ရွက်လျက်ရှိရာတွင် မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခြေခံဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်သည်ထက် တိုးတက်အောင် ဆောင်ရွက်နေကြောင်း၊ မြေဧကများ တိုးတက်အောင် ဆောင်ရွက်သည့်နည်းတူ အထွက်တိုးရေး၊ တစ်သီးမှနှစ်သီး တိုးတက်စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်းတာတမံများ တည်ဆောက်ပေးလျက်ရှိကြောင်း၊ ရှင်းနီးမြုပ်နှံမှုများပြားသည့် မြေလွတ်မြေရိုင်း၊ ရေအောက်မြေများကို ဖော်ထုတ်ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ကုမ္ပဏီများကို ခွဲဝေသတ်မှတ်ပေးထားကြောင်း။

စိုက်ပျိုးနိုင်ရန်အတွက်လည်း ရေနုတ်မြောင်း၊ ရေတံခါးများ၊ တာတမံများ၊ ကုန်ထုတ်လမ်းကြောင်းများ စသည့် အခြေခံအဆောက်အအုံများကို နိုင်ငံတော်က ပံ့ပိုးဆောင်ရွက်ပြီးဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအပိုင်းက အောင်မြင်အောင်၊ အကျိုးရှိသည်ထက် အကျိုးရှိအောင် ဆောင်ရွက်ရန်လိုကြောင်း။

ဧရာဝတီတိုင်းသည် စိုက်ပျိုးမွေးမြူရေးတွင် နိုင်ငံတော်က အဓိက အားထားရသည့် တိုင်းတစ်တိုင်းဖြစ်ပြီး ယခုနှစ်တွင် မိုးစပါးဧက ၃၅သိန်း၊ နွေစပါးဧက ၁၆သိန်း စိုက်ပျိုးရန်နှင့် ငါးကန်ဧက တစ်သိန်း အကောင်အထည်ဖော်ရန်သတ်မှတ်ထားကြောင်း၊ သတ်မှတ်ချက်များအတိုင်း ပြည့်မီရေးအတွက် ကုမ္ပဏီများကလည်း တစ်ဖက်တစ်လမ်းမှ ပါဝင်အကောင်အထည်ဖော်ကြရန် လိုမည်ဖြစ်ကြောင်း၊ နိုင်ငံအကျိုး၊ ဧရာဝတီတိုင်းအကျိုးနှင့် ကုမ္ပဏီအကျိုးအတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် မော်တော်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာလာကြရာ ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၅-၇-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈:၀၅ ၆။ အကပဒေသာ
- ၈:၂၀ ၇။ ပုလင်းရေလှောင်တမံ
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Let's Go.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ - ပထမနှစ် (သတ္တဗေဒ၊ ရုက္ခဗေဒ အထူးပြုများ) (ရုက္ခဗေဒ)
- ၅:၁၅ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၅:၃၀ ၇။ **မနိုင်သောအရှုံး (ဟက်ကက်၊ ဇင်ရဲထက်၊ ခိုင်သင်းကြည်) (ဒါရိုက်တာ-အေဝမ်းမောင်လှမျိုး)**
- ၅:၄၅ ၈။ တေးဂီတအစီအစဉ်
- ၆:၀၀ ၉။ နိုင်ငံ့အဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
- ၆:၁၅ ၁၀။ မူဟန်သွယ်သွယ်ဆိုကြမယ်
- ၆:၃၀ ၁၁။ ညနေခင်းသတင်း
- ၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ မိုးနတ်မယ် (အပိုင်း-၃၉)**
- ၇:၃၀ ၁၄။ တေးဂီတအစီအစဉ်
- ၇:၄၅ ၁၅။ "ဟူးမွန်လယ်ကွင်းမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဝတ်မှုန်ကူးပွဲတော်"
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **မြန်မာဗီဒီယိုဇာတ်လမ်း မြစ်တစ်စင်းရဲ့ ဟင်းလင်းပြင် (အပိုင်း-၁) (လူမင်း၊ ရဲအောင်၊ စိုးမြတ်နန္ဒာ) (ဒါရိုက်တာ-မောင်ဗေဒါ)**
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

အမျိုးသားငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ရှားမှုရက်သတ္တပတ် အထိမ်းအမှတ်ပညာပေးဟောပြော

ရန်ကုန် ဇူလိုင် ၁၄

မွန်ပြည်နယ် ပဉ္စမအကြိမ် အမျိုးသားငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေး လှုပ်ရှားမှုရက်သတ္တပတ် အထိမ်းအမှတ် ပညာပေး ဟောပြောပွဲ အခမ်းအနားကို ဇူလိုင်၁၀ရက် နံနက်၉နာရီက ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရာမညခန်းမဌ်ကျင်းပရာ အခမ်းအနားသို့ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင်နှင့် ပြည်နယ်၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ မော်လမြိုင်ပညာရေးကောလိပ်မှ သင်တန်းသူများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်က အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာတင်ဝင်းကျော်က ငှက်ဖျားရောဂါအကြောင်းကိုလည်းကောင်း၊ ပြည်နယ်အထွေထွေရောဂါကုဆေးရုံကြီးမှ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်ဝင်းဝင်းမြင့်က သွေးလွန်တုပ်ကွေး ရောဂါအကြောင်းကိုလည်းကောင်း အသီးသီးဆွေးနွေးဟောပြောကြသည်။ (သတင်းစဉ်)

ဗီယက်နမ် အမျိုးသားပြည်သူ့လွှတ်တော်မှ လူမှုရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ ရောက်ရှိ

ရန်ကုန် ဇူလိုင် ၁၄

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားပြည်သူ့လွှတ်တော်မှ လူမှုရေးကော်မတီဥက္ကဋ္ဌ မစ္စစ်ငုယင်သီဟိုင်သူ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့အလုပ်သဘောခရီးစဉ်အဖြစ် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ရောက်ရှိလာကြသည်။

ကြိုဆိုနှုတ်ဆက်

မစ္စစ်ငုယင်သီဟိုင်သူနှင့်ကိုယ်စားလှယ်အဖွဲ့အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဖန်ကွမ်ခွန်နှင့် သံရုံးအဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲ အမျိုးသမီးပြိုင်ပွဲတွင် ဗိုလ်စွဲသွားသော စစ်ကိုင်းတိုင်း အသင်းအား တံခွန်စိုက်ဒိုင်းဆု ချီးမြှင့်စဉ်။ (အား/ကာ)

ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲ စစ်ကိုင်းတိုင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ဗိုလ်စွဲ

ရန်ကုန် ဇူလိုင် ၁၄

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့ မွန်းလွဲ၁နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပသော ၂၀၀၄ ခုနှစ် (၃၅)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ၏ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ပြိုင်ပွဲကို ကြည့်ရှုအားပေးကာ ဆုများချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာစိန်မြင့်၊အထွေထွေ အတွင်းရေးမှူး ဦးမောင်မောင်မြင့်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ နှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

စစ်ကိုင်းတိုင်းဗိုလ်စွဲ

အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းအသင်းက ရန်ကုန်တိုင်းအသင်းကို ၅၉မှတ်၊ ၃၈မှတ်ဖြင့်နိုင်ပြီး ဗိုလ်စွဲသွားသည်။

ပဲခူးတိုင်းအသင်းနှင့် မကွေးတိုင်း အသင်းတို့က ပူးတွဲတတိယရရှိသွားသည်။

အမျိုးသားဗိုလ်လုပွဲ

အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ် (တောင်ပိုင်း)အသင်းက စစ်ကိုင်းတိုင်း အသင်းကို ၆၄ မှတ်၊ ၄၄ မှတ်ဖြင့် နိုင်ကာ ဗိုလ်စွဲသွားသည်။

ရန်ကုန်တိုင်းအသင်းနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)အသင်းတို့က ပူးတွဲ တတိယရရှိသွားသည်။

ခံစစ်ဆု

ပြိုင်ပွဲတွင် အကောင်းဆုံးခံစစ်ကစားသမားဆုကို စစ်ကိုင်းတိုင်းအသင်းမှ မစုစုဟန်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)အသင်းမှ လှထွန်းတို့က ရရှိသွားသည်။

ပြန်ကျဘောဖမ်းဆု

အကောင်းဆုံး ပြန်ကျဘောဖမ်းသူဆုများကို ရန်ကုန်တိုင်းမှ မသက်စုထွေးနှင့် စစ်ကိုင်းတိုင်းမှ မျိုးခိုင်တို့ ရရှိသွားသည်။

အကောင်းဆုံးဆု

ပြိုင်ပွဲတစ်လျှောက်လုံး အကောင်းဆုံး အားကစားသမားဆုကို စစ်ကိုင်းတိုင်းမှ ခင်စန်းဌေးနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)မှ ကျော်ကျော်တို့ရရှိသွားသည်။

အသန့်ရှင်းဆုံးဆု

အသန့်ရှင်းဆုံး အသင်းလိုက်ဆုကို ရန်ကုန်တိုင်း အမျိုးသမီးအသင်းနှင့် စစ်ကိုင်းတိုင်း အမျိုးသားအသင်းတို့ ရရှိသွားသည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အနိုင်ရ ဗိုလ်စွဲသွားသော စစ်ကိုင်းတိုင်း အမျိုးသမီးအသင်းနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) အမျိုးသားအသင်းတို့အား တံခွန်စိုက်ဒိုင်းဆုကြီးများနှင့် ဆင့်ပွားဒိုင်းများချီးမြှင့်ပေးအပ်သည်။

အမျိုးသားတံခွန်စိုက် ဘော်လီဘောပြိုင်ပွဲကို ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီမှစတင်၍ ကျင်းပမည်ဖြစ်သည်။

အမျိုးသားအကြီးတန်းပြိုင်ပွဲ

STARအသင်းနှင့်
ဂါးဂါး(က)အသင်း
ဂါးဂါး(ခ)အသင်းနှင့် Lionအသင်း
K.K.S အသင်းနှင့်
အောင်လံအသင်း
အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့်
ဆိုက်ကလုန်း

အမျိုးသားအငယ်တန်းပြိုင်ပွဲ

I.L.B.C အသင်းနှင့် ဇဟိုအသင်း
FUTURE အသင်းနှင့်
စက်မှု(၁) (ခ)အသင်း

(ကြေးမုံ)

ကွန်ပျူတာစာရင်းကိုင် သင်တန်းမိတ်ဆက်ပွဲ

ရန်ကုန် ဇူလိုင် ၁၄

KMD Computer Centre မှ ကြီးမှူးဖွင့်လှစ်သည့် LCCI(UK)၏ LCCI Web Design သင်တန်းဆင်းအောင်လက်မှတ် ပေးအပ်ချီးမြှင့်ခြင်း၊ LCCI ကွန်ပျူတာစာရင်းကိုင်သင်တန်း၊ စာရင်းကိုင်သင်တန်း၊ Web Design သင်တန်းများ၏ မောင်မယ်သစ်လွင် ကြိုဆိုပွဲအခမ်းအနားကို MICT Park တွင် ဇူလိုင်၈ရက် နံနက်၉နာရီတွင်ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် LCCI (UK) မှ Mr. Jeffery Soong က ယနေ့ခေတ်ကုမ္ပဏီများ၊ အဖွဲ့အစည်းများ၏ စာရင်းဇယား အချက်အလက်များသည် မူလစာရွက်ပေါ်မှတစ်ဆင့် ကွန်ပျူတာပေါ်သို့ ရောက်ရှိလာသည့်အလျောက် စာရင်းကိုင်ပညာရပ်သည်လည်း ထိုနည်းတူစွာ ကွန်ပျူတာသုံးစနစ်သို့ ပြောင်းလဲနေပြီဖြစ်ကြောင်း၊ ပုံမှန်စာရင်းကိုင်၊ စာရင်းအင်းလုပ်ငန်းတတ်ရုံဖြင့် မလုံလောက်ဘဲ ကွန်ပျူတာအသုံးပြု၍ လုပ်ဆောင်တတ်ရန် အထူးလိုအပ်လာပြီဖြစ်ကြောင်း၊ ယခုဆိုလျှင် နိုင်ငံတကာ အသိအမှတ်ပြု LCCI ၏ ကွန်ပျူတာစာရင်းကိုင်ပညာရပ်ကို စတင်မိတ်ဆက်ပေးလိုက်ပြီ ဖြစ်သည့်အတွက် စာရင်းကိုင်နယ်ပယ်တွင် တစ်ခေတ်ဆန်းသစ်လာတော့မည်ဖြစ်ကြောင်း ပြောကြားပြီး LCCI Web Design သင်တန်းဆင်း အောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။ ပုံမှန်ရရှိမည့် Accounting ဒီပလိုမာအပြင် Computerised Accounting ဒီပလိုမာကိုပါ ထပ်မံရရှိမည့် အစီအစဉ်ဖြစ်ကြောင်းသိရသည်။

(က-ပ)

ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ လွယ်ဂျယ်နှင့် မူဆယ်၌ဖမ်းဆီးရမိ

ရန်ကုန် ဇူလိုင် ၁၄

နယ်မြေခံတပ်၊ နယ်မြေခံထောက်လှမ်းရေးတပ်မှ တပ်ဖွဲ့ဝင်များနှင့် ဗန်းမော်မူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၄ ခုနှစ် ဧပြီ ၂၇ရက်တွင် လွယ်ဂျယ်မြို့ ပြည်သူ့ဆေးရုံသစ်အနီး ကောင်းအာရှသွား ကားလမ်းဘေး၌ သတင်းအရ ကင်းပုန်းဝပ်စောင့်ဆိုင်း၍မာအောင်နှင့် မခွန်ဂျာတို့ စီးနင်းလာသည့် ဆူပါကပ် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ ဆိုင်ကယ်ခွကြားအတွင်းမှ ဂျင်းကျောပိုးအိတ်နှင့် ထည့်ထားသော ဘိန်းစိမ်း ၁ ဒသမ ၃ကီလိုကို ဖမ်းဆီးရမိခဲ့သည်။

ယင်း ဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ ဖမ်းဆီးရမိတရားခံများအား လွယ်ဂျယ်ရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူထားသည်။

ဘိန်းဖြူဘလောက်တုံး

အလားတူ နယ်မြေခံထောက်လှမ်းရေးတပ်ဖွဲ့ဝင်များနှင့် မူဆယ်မူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၄ခုနှစ်၊ ဇူလိုင် ၁ရက်တွင် သတင်းအရ မူဆယ်မြို့ ကောင်းမူတုံရပ်ကွက် ငွေဆင်ဆောက်လုပ်ရေးရုံးရှေ့၌ စောင့်ဆိုင်းနေစဉ် ရောက်ရှိလာသော မအပ်ချိုက် (ခ) မလောက်မြင့်နှင့် မဆိုက်လျန်တို့ နှစ်ဦး ကိုင်ဆောင်ထားသည့် မြွေရေခွံအိတ်ကို စစ်ဆေးရာဖွေရာ စက္ကူပုံးအတွင်း ဘိန်းဖြူဘလောက်တုံး တစ်တုံးလျှင် အလေးချိန်၃၅၀ဂရမ်ခန့်ပါ ဘလောက်တုံး ၂၀စုစုပေါင်း အလေးချိန်၇ကီလို ဖမ်းဆီးရမိခဲ့သည်။ ကွင်းဆက်အရ မူဆယ်မြို့ ကောင်းမူလွယ်ရပ် အိမ်အမှတ်၁၄၄နေ အမ်လဆန်း(ခ) မာလထံမှ ပို့ဆောင်ကြောင်း သိရှိရသဖြင့် ၎င်း၏နေအိမ်ကို ဝင်ရောက်စစ်ဆေးရှာဖွေရာအိပ်ခန်းအတွင်းခုတင်အောက်မှ ခရီးဆောင်အိတ်ဖြင့် ထည့်ထားသော ဒဗလျူဝိုင် စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား၂၉၀၀၀ ကို ဖမ်းဆီးရမိခဲ့သည်။

အမှုဖွင့်အရေးယူ

ယင်း ဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ ဖမ်းဆီးရမိ တရားခံများအား မူဆယ်ရဲစခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

တရားခံမအပ်ချိုက်(ခ)မလောက်မြင့်နှင့်ဆိုက်လျန်တို့ကို သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)



တရားခံမာအောင်(ခ)ဂမ်အောင်နှင့် မခွန်ဂျာတို့ကို သက်သေခံပစ္စည်းများနှင့်အတူတွေ့ရစဉ်။(သတင်းစဉ်)

ဇီနည်းတော်နှင့်ညီသည့် ဇေတိကဝါဆိုသင်္ကန်းများ

Classic Show Room

Zawtika Thingan General Trading E-mail:zawtikasales@myanmar.com.mm http://www.zawtika.com

ဝစီပေဒထိတိုင်းရှ

တရားတော် နှင့်

ဒုက္ခလွတ်ကြောင်းတရားကောင်း

ဗီစီဒီတရားတော်များ

ထွက်ပြီ

KMD Computer Centre

Year 1 ဒီပလိုမာသင်တန်း ကျောင်းသားလက်ခံနေပြီ

- NCC (UK)
- KMD Year 1 of B.Sc(Hons) Degree ... Year II (IAD) ... KMD

Further Studies

Year One DCS/IDEC → Year Two IAD → Year Three BCIS

July 2004 (1:00-5:00)

Mon to Fri

KMD (ရုံးချုပ်)

e-mail: kmd.mcs@yangon.net.mm

Q . E . L . C

4 SKILLS ENGLISH (Basic)

JULY (10, 26)

English Skills Foundation

4 skills Elementary, July (10)

IELTS, July (24) / TOEFL, July (26) / Writing

ခြံရောင်းမည်

မင်္ဂလာဒုံမြို့နယ် ပေ ၂၄၀ X ၁၆၃ပေ ခြံဝင်းအတွင်း စတီးအဆောက်အအုံအသစ်(၁)ခု (၆၀၀၀)စတုရန်းပေ၊ တိုက်ခံနှစ်ထပ်အိမ်(၁)လုံး၊ ဖုန်း၊ မီတာ(၂)လုံး၊ ရေ(ဂျိုးဖြူ)၊ ရေတွင်းပါဝင်ပါသည်။

"စီးပွားရေးလုပ်ငန်းရှင်များအတွက် အထူးသင့်တော်ပါသည်"

ဆက်သွယ်ရန်-၇၂၇၉၂၄၊ ၅၇၂၀၄၄။

MAA

377, Shwebontha Street, Pabedan, Yangon. Ph: 250 501/2

LCCI

Accounting

LCCI Level I, II, III

- 100% Guarantee pass
- Don't pass don't pay scheme
- With latest study material, dynamic teaching method
- Convenient venue (upper shwebontha street)
- Mordern classrooms, facilities & others

10% OFF

STARTING DATE 25 JULY 2004

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

ရွှေသာယာ WAGON မော်တော်ကားထုတ်လုပ်ရေး တိုးချဲ့လုပ်ကိုင်ရန်အတွက် အောက်ပါဝန်ထမ်းများအလိုရှိပါသည်။

၁။ စက်ရုံမှူး	**ကျား (၁)ဦး**
၂။ လက်ထောက်စက်ရုံမှူး	**ကျား (၁)ဦး**
၃။ ကြီးကြပ်ရေးမှူး	**ကျား (၂)ဦး**
၄။ မော်တော်ယာဉ်ကိုယ်ထည်လုပ်ငန်းကျွမ်းကျင်သူ	**ကျား(၁၀)ဦး**
၅။ ကားကြီး၊ ကားလေးဖရိန်ပိုင်းဆိုင်ရာကျွမ်းကျင်သူ	**ကျား(၁၀)ဦး**

အမှတ်စဉ်(၁) – B.E (Mechanical) အောင်မြင်ထားသူဖြစ်ပြီး လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိရမည့်အပြင်အသက်(၃၆)နှစ်အထက်ဖြစ်ရမည်။မော်တော်ကားအတွေ့အကြုံရှိသူအား ဦးစားပေးမည်။

အမှတ်စဉ်(၂) – B.E (Mechanical) အောင်မြင်ထားသူဖြစ်ပြီး AUTOCAD တတ်မြောက်ထားသူဖြစ်ပြီး အသက်(၄၅)နှစ်အောက်ဖြစ်ရမည်။

အမှတ်စဉ်(၃) – A.G.T.I (Machine Tools) အောင်မြင်ထားသူဖြစ်ပြီး မော်တော်ယာဉ်ဒီဇိုင်းပုံစံနှင့် စက်ပစ္စည်းအစိတ်အပိုင်းဒီဇိုင်းပုံစံထုတ်ခြင်းများ ဆောင်ရွက်နိုင်ရမည်၊ တွင်ခုံနှင့် ဂဟေဆက်ခြင်း လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၂)နှစ်ရှိရမည်။

အမှတ်စဉ်(၄) – မော်တော်ယာဉ် ကိုယ်ထည်အစိတ်အပိုင်းအားလုံးကို ပုံစံထုတ်သည့်အတိုင်း ကျွမ်းကျင်စွာထုလုပ်နိုင်သူဖြစ်ရမည်။

အမှတ်စဉ်(၅) – ဖရိန်ပိုင်းဆိုင်ရာဂဟေဆက်ခြင်းကျွမ်းကျင်သူဖြစ်ရမည်။

အလုပ်လျှောက်လွှာများကို အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရဲစခန်းမှ ထောက်ခံစာ၊ ပညာအရည်အချင်း၊ လုပ်ငန်းအတွေ့အကြုံအတွက် လိုအပ်သောအထောက်အထားမိတ္တူများ၊ ကိုယ်ရေးသမိုင်းအကျဉ်းစသည်တို့ကို ကြော်ငြာသည့်နေ့မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် လျှောက်ထားနိုင်သည်။

မှတ်ချက်။ (၁) လုပ်ငန်းအတွေ့အကြုံရှိသူ အငြိမ်းစားများပါ လျှောက်ထားနိုင်ပါသည်။
(၂) နယ်မှလျှောက်ထားသူများ ခန့်ထားခြင်းခံရပါက နေထိုင်ရေးအခက်အခဲရှိလျှင် စီစဉ်ပေးမည်။
(၃) လုပ်ငန်းအပေါ် စိတ်ဝင်စားပြီး ရေရှည်တိုးတက်ရန်ကြိုးစားဆောင်ရွက်လိုသူများသာ လျှောက်ထားနိုင်ပါသည်။

မိဘကျေးဇူးကုမ္ပဏီလီမိတက်

အမှတ်(၃၄)၊ မြေညီထပ်၊ စဉ့်အိုးတန်းလမ်း(အောက်ဘလောက်)၊ လသာမြို့နယ်။

မြတ်ပန်းဥယျာဉ်

ရွှေလုံးမိုးလ်

မုတ်သုံလေ အားအလွန်ကောင်း

ယနေ့ မြန်မာစံတော်ချိန် ၆း၃၀နာရီအချိန် တိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင်လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအလွန်ကောင်းနေသည်။

အမည်ပြောင်းခြင်း

အဘဦးမြတ်ဇော်[LTA-၀၀၃၉၅၀]၏သား အမက(၁၀)၊ လှိုင်၊ တတိယတန်း(က)မှ မောင်မြတ်ကိုကိုအား မောင်ခန့်စည်သူဟု အမည်ပြောင်းလဲခေါ်ပါရန်။

မောင်ခန့်စည်သူ။

ကျေးဇူးဆပ်ပါမည်

ဦးသောင်းမြင့် [၁၂/မဂဒ (နိုင်) ၀၁၃၄၀၇]အမည်ပေါက် မိသားစုပိုင်ဆိုင်သော မြေကွက်အမှတ် ၁၃၆၀/၆၉ တောင်ဒဂုံမြို့နယ်၏ မြေပါမစ်မူရင်းမှာ ၁၀-၇-၂၀၀၄ ရက်နေ့တွင် ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ပေးပို့ပါရန်။

ဒေါ်အုန်းညွန့်

အမှတ်(၃၁၇)၊ ဗညားဒလလမ်း၊ တာမွေမြို့နယ်၊ ဖုန်း-၂၉၅၆၀၉။

MT&K Tourism Co., Ltd.

Ph: 663161, 666220, 440104?

09-2042015, 09-5016937

TECH Training Centre

City & Guilds (UK, London) Engineering & IT Diploma

- Mechanical Engineering
- Mechatronics Engineering
- Civil Engineering
- Electronics Engineering
- Electrical Engineering
- Information Technology

Programmable Logic Control (PLC)	Windows & Office Application
Computerized Numerical Control (CNC)	PC Upgrading & Maintenance
Electronic Skill Course (I, II)	ACCPAC
Air-Con & Refri: Repairing	Programming (C++, VB, Java); ICT (I, II)
Welding (Arc & Gas)	Microsoft Access; Auto CAD
Electrical Wiring	Internet & E-mail; Web Design
Industrial Motor Control	Graphic Design; DTP

☎ 703702, 539531, 503986

အယူတော်မင်္ဂလာ စာပေမှ ထုတ်ဝေသော

မင်းသိင်္ခ၏ ဇောတိသ

မဂ္ဂဇင်း

အမှတ် (၁)၊ ၂၀၀၄ ခု၊ ဩဂုတ်လထုတ် ထွက်ပြီ

ကာကွယ်ဆေးများ လိုက်လံထိုးနှံပေး

မြင်းကကုန်း ဇွန် ၃၀

ဘိုကလေးမြို့နယ် မြင်းကကုန်းမြို့ ကျန်းမာရေးဌာနမှ လက်ထောက်ကျန်းမာရေးမှူး ဦးမင်းလွင်ဦးဆောင်သောအဖွဲ့သည် ဇွန် ၂၀ ရက်မှစ၍ မြို့ပေါ်ရပ်ကွက်(၁)၊ (၂)၊ (၃)ရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးသူငယ် တစ်နှစ်အောက်ရှိသူများအား ဆုံဆို့ကြက်ညှာ၊ မေးခိုင် ရောဂါနှင့် အကြောသေရောဂါ၊ ဝက်သက်ရောဂါ ကာကွယ်ဆေးများကို လိုက်လံ ထိုးနှံပေးသည်။

မြင်းကကုန်းကျေးရွာ အုပ်စုများဖြစ်သော ခူလံ၊ ကဖောင်းလေး၊ ကွင်ဝိုင်းတင်၊ ကုတ်ကြီး၊ သာယာကုန်းကျေးရွာနှင့် ကျုံချင်ကျေးရွာများကိုလည်း ကာကွယ်ဆေးများကို ကျေးရွာအရောက် လိုက်လံထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ (၅၂၄)

အောင်ပန်းမြို့ ပြည်ထောင်စုလမ်းမ ဝဲ-ယာ စိမ်းလန်းစိုပြည်လှပရေးပန်းအလှပင်နှင့် အရိပ်ရပင်စိုက်ပျိုးခြင်းကို ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး(သန့်) ဦးသန်းထွန်းနှင့် ဝန်ထမ်းများ ဇွန် ၂၀ ရက်က ဆောင်ရွက်စဉ်။ (၂၄၉)

အထက်တန်းကျောင်းများသို့ ကွန်ပျူတာများလှူဒါန်း

မကွေး ဇူလိုင် ၄

မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အခြေခံပညာအထက်တန်းကျောင်းများသို့ ကွန်ပျူတာများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၂၆ ရက် မွန်းလွဲ ၁ နာရီက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဖော်မင်းက ကွန်ပျူတာလှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး မကွေးတိုင်းအတွင်း အခြေခံပညာအထက်တန်း ကျောင်းများအား ငွေကျပ် ၅၄၇၈၆၀၀ တန်ဖိုးရှိသော ကွန်ပျူတာ ၄၂ လုံးနှင့် မကွေးတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ကွန်ပျူတာတစ်လုံး၊ ပရင်တာတစ်လုံးတို့ကို လွှဲပြောင်းပေးအပ်လှူဒါန်းသည်။ ထို့နောက် မကွေးတိုင်းလက်ထောက်ပညာရေးမှူး ဦးကျော်ဝင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ (၃၃၃)

ရှေးဦးပြုစုခြင်း(နည်းပြ) သင်တန်းဖွင့်

မော်လမြိုင် ဇူလိုင် ၂

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ ကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သော လူထုအတွင်း ရှေးဦးပြုစုခြင်း(နည်းပြ) သင်တန်း အမှတ်စဉ်(၆/၂၀၀၅) ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၁ ရက်က မော်လမြိုင်မြို့အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကိုယ်စား ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး စိုးမြင့်အောင်က အမှာစကားပြောကြားသည်။

အားပေးစကားပြောကြား

ဆက်လက်၍ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယ ဗိုလ်မှူးကြီး စိုးမြင့်အောင်နှင့် တာဝန်ရှိသူများက သင်တန်းသား အိပ်ဆောင်များ၊ စားသောက်ခန်းများကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကား ပြောကြားသည်။ (၃၀၇)

တီးတိန်၌လက်ဖက်ပင်များ စုပေါင်းစိုက်ပျိုး လက်ဖက်ပင်စိုက်ပျိုးနည်း ရှင်းလင်းပြောကြား

တီးတိန် ဇွန် ၂၆

ချင်းပြည်နယ် တီးတိန်မြို့နယ်၏ ၂၀၀၄ ခုနှစ်အတွက် ရက်သတ္တပတ်လှုပ်ရှားမှု စုပေါင်းလက်ဖက်စိုက်ပျိုးပွဲ အခမ်းအနားကို ဇွန် ၁ ရက် နံနက် ၉ နာရီတွင် ဌာနပေါင်းစုံ လက်ဖက်စိုက်ခင်း၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဂိုဆွင့်ခိုင်က အမှာစကားပြောကြားပြီး၊ မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးဒေါင့်ခန့်နန်က လက်ဖက် စိုက်ပျိုးနည်းစနစ်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့် ရှောက်ရေး အသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လက်ဖက်တောင်သူ စုစုပေါင်း ၇၀၄ဦးတို့က လက်ဖက်ပျိုးပင်များကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

ပေးအပ်

ဇွန် ၂၇ ရက်က အင်ပူမြို့နယ် ညောင်ကျိုးအုပ်စုရှိ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ အခမ်းအနား ကျင်းပရာ မြို့နယ်ဦးစီးအရာရှိ ဦးခင်မောင်ဝင်းက ညောင်ကျိုးအုပ်စုဥက္ကဋ္ဌ ဦးကျော်နိုင်ထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (လဝက)

ချင်းပြည်နယ် ရိဒ်ခေါဒါရ် မြို့နယ် အမှတ်(၂) ရပ်ကွက် သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် နိုင်ငံတော် ထောက်ပံ့ငွေဖြင့် Water Jet အသုံးပြု၍ နှစ်လက်မ စက်ရေတွင်းကို ဇွန် ၁၃ ရက်က တူးဖော်လျက် ရှိရာ ရိဒ်ခေါဒါရ် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်/စည်ပင်)

ဇွန် ၈ ရက်က ပြည်မြို့နယ် ဖြူးကုန်းကျေးရွာအုပ်စုတွင် အောင်ပန်းဝေစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး ဒုတိယဦးစီးမှူး ဦးဉာဏ်မွေးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးလှရီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (၃၉၁)

ဓနုဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန စာသင်တိုက်များသို့ ရေချိုငါးပိများလှူဒါန်း

ဓနုဖြူ ဇွန် ၃၀

ဓနုဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ နှစ်စဉ် မြို့နယ်အတွင်းရှိ ပရိယတ္တိစာပေများ ဆည်းပူးသင်ကြားလျက်ရှိသော စာသင်သား ရဟန်းသံဃာများနှင့် ဆရာတော်ကြီးများအား ဝါတွင်းသုံးလကာလတွင် ဆွမ်းဟင်းလျာ အထောက်အပံ့ဖြစ်စေရန် ဇွန် ၂၅ရက် နံနက် ၁၀နာရီကရေချိုငါးပိများဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားတွင် မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်မောင် ဦးဆောင်၍ မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မအူပင်ခရိုင်ငါးလုပ်ငန်းဦးစီးမှူးဦးတင်ထွန်းအောင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးသိန်းထိုက်နှင့်ဝန်ထမ်းများ၊ မြို့နယ်လူမှုရေးအသင်းအဖွဲ့များ မှ အမှုဆောင်များ၊ ရပ်ကွက်ဥက္ကဋ္ဌများလိုက်ပါလျက် သီလရှင်စာသင်တိုက်အပါအဝင် စာသင်တိုက်ပေါင်း ၁၁ တိုက်သို့ ငွေကျပ် ၄၉၀၀၀၀ကျော်တန်ဖိုးရှိ ရေချိုငါးပိပိဿာချိန် ၇၀၀ ကျော်ကို ဆက်ကပ်လှူဒါန်းကြသည်။ (၁၆၄)

မြို့နယ် သတင်းများ

ကွင်းဆင်းဆောင်ရွက်

ဒီမောဆိုမြို့နယ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ရေရရှိရေးအတွက် နန်းဟူးထွေကျေးရွာ အများသုံးအုတ်ရေကန် ဆောက်လုပ်ပေးပြီး သန့်ရှင်းသော သောက်သုံးရေမပြတ်ရရှိရေးအတွက် အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကွင်းဆင်းဆောင်ရွက်ပေးစဉ်။ (က-ပ)

ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး ရမည်းသင်းမြို့၌ သစ်စေ့ကြဲပွဲတော် ကျင်းပ

ရမည်းသင်း ဇူလိုင် ၃

ရမည်းသင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မြို့နယ်သစ်တောဦးစီးဌာနက ကျင်းပသော ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးစီမံကိန်း သစ်စေ့ကြဲပွဲတော်ကို ဇွန် ၃၀ နံနက် ၉ နာရီက မြို့လှကျေးရွာနတ်တံခါးကာကွယ်တော၊ ရွှေမင်းဝံတောရ ကျောင်းအနီး တောင်ကုန်း၌ စုပေါင်းကျင်းပသည်။

အဆိုပါ သစ်စေ့ကြဲပွဲတော်သို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဒွေး၊ အတွင်းရေးမှူးဦးစန်းမောင်၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးမောင်မောင်နှင့်ဝန်ထမ်းများ၊ မြို့နယ်လူမှုရေးအဖွဲ့ဝင်များ၊ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များတက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်သစ်တောဦးစီးဌာနက သစ်စေ့မျိုးစုံ နှစ်တင်းကျော်ဖြင့် မြို့လှကျေးရွာ၊ ပုတီးကုန်းကျေးရွာ၊ သီးကုန်းကျေးရွာ တို့မှပြည်သူ ၅၀၀ ကျော်တို့အား ခွဲဝေပေးပြီး စုပေါင်းကြဲပက်ကြကြောင်းသိရသည်။ (ခရိုင်ပြန်/ဆက်)

(၂၇) နှစ်ပြည့်မင်္ဂလာဆုတောင်း

ဦးကိုကိုထွေး (လူမှုထူးချွန်ပထမအဆင့်)

ဉက္ကဌ၊တော်ဝင်မိသားစုကုမ္ပဏီ

+

ဒေါ်အေးအေးသန်း (ဒါရိုက်တာ၊တော်ဝင်မိသားစုကုမ္ပဏီ)

တို့၏

(၂၇) နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်း (၁၂၀)တိုင် ချစ်သားသမီးများ၊ ချစ်မြေးနှင့်အတူ ကျန်းမာပျော်ရွှင်ချမ်းမြေ့စွာဖြင့် ဘဝခရီးမှာ အောင်မြင်စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျှက်

ချစ်သမီးကြီး - မောင်မျိုးဇော်ထွန်း+မဝတ်ရည်ထွေး
ချစ်သမီးငယ် - မသီရိထွေး
ချစ်မြေးလေး - မကေခိုင်မျိုး

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်နေ
ဦးချစ်ရွှေ(Registered Safety Officer PPL-Shipyard Pte Ltd.)(Singapore)-ဒေါ်တင်သိန်းငွေ(အလပြ၊ငြိမ်း)
တို့၏သားကြီး

မောင်နိုင်ဝင်းအောင်
Diploma of Manufacturing Engineering
Nanyang Polytechnic. Sinagapore

နှင့်

ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်နေ
ဦးကျော်နိုင်-ဒေါ်မာမာကြူ(ရွှေပြည်တန်အထည်ဆိုင်)
တို့၏ ဒုတိယသမီး

မအိအိနိုင် G.T.I (Civil), B.Sc (Physics)

တို့သည် ၁၂-၇-၂၀၀၄ရက်နေ့တွင် နှစ်ဖက်သောမိဘများရှေ့မှောက်၌ လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်နိုင်ဝင်းအောင်-မအိအိနိုင်။

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

သူငယ်ချင်း ချို(ဆေး-မကွေး)ရဲ့ ၁၅-၇-၂၀၀၄ရက်နေ့တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ကိုယ်စိတ်နှစ်ဖြာရွှင်လန်းချမ်းမြေ့စွာဖြင့် အောင်မြင်ပျော်ရွှင်သောဘဝကို ပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။ **ကိုကြီး။**

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၆ရပ်ကွက်၊ အမှတ်(၆)၊ ၇ဈေးလမ်းနေ
ဦးဝင်းမြင့်-ဒေါ်တင်တင်အေးတို့၏သား

မောင်သိန်းသန်းဝင်း(B.E Mechanical)

နှင့်

ရန်ကုန်မြို့၊ တောင်ဉက္ကလာပမြို့နယ်၊ ၃ရပ်ကွက်၊
အမှတ်(၂၃၄)၊ ၁၂လမ်းနေ
ဒေါက်တာလှိုင်စိန်-ဒေါ်ခင်ညိုညိုတို့၏သမီးကြီး

မခင်မိုးမိုးလှိုင်(B.Pharm)

တို့သည် ၁၄-၇-၂၀၀၄(ဗုဒ္ဓဟူးနေ့)တွင် နှစ်ဖက်သောမိဘဆွေမျိုးများ၏ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်မောင်သိန်းသန်းဝင်း-မခင်မိုးမိုးလှိုင်။

ရန်ကုန်စီးပွားရေးတက္ကသိုလ်

ညနေပိုင်းမဟာဘွဲ့(Executive Level) သင်တန်းများဝင်ခွင့်

လျှောက်လွှာခေါ်ယူခြင်း

၁။ ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ်အတွက် ၂၀၀၄ ခုနှစ်၊ စက်တင်ဘာလတွင် စတင်ဖွင့်လှစ်မည့် အောက်ပါမဟာဘွဲ့ (Executive Level) သင်တန်းများသို့ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်။
(က)စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုမဟာဘွဲ့ (MBA-Evening)
(ညနေပိုင်း) အမှတ်စဉ်(၃)
(ခ)ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာ မဟာဘွဲ့ (MPA-Evening)
(ညနေပိုင်း) အမှတ်စဉ်(၃)
(ဂ)ဖွံ့ဖြိုးရေးပညာမဟာဘွဲ့ (MDevs-Evening)
(ညနေပိုင်း) အမှတ်စဉ်(၂)

၂။ အဆိုပါ မဟာဘွဲ့ (Executive Level)သင်တန်းများအတွက်အောက်ပါ အရည်အချင်းများနှင့် ကိုက်ညီသူများလျှောက်ထားနိုင်သည်။
(က)အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူဖြစ်ရမည်၊
(ခ)အစိုးရဝန်ထမ်းဖြစ်လျှင် ပြန်တမ်းဝင်အရာရှိ လုပ်သက်(၈)နှစ်ရှိရမည်။
(ဂ) ကုမ္ပဏီဝန်ထမ်းဖြစ်လျှင် (Executive Level) လုပ်သက်(၈)နှစ်ရှိရမည်။
(ဃ) ၁-၆-၂၀၀၄ ရက်နေ့တွင်အသက် ၃၀ပြည့်ပြီးသူဖြစ်ရမည်။
(င)တက္ကသိုလ်တစ်ခုခုတွင်အခြားသင်တန်းတက်ရောက်နေသူ မဖြစ်စေရ။
(စ)သက်ဆိုင်ရာသင်ရိုးနှင့်အညီ သတ်မှတ်ထားသောအချိန်အတိုင်းပြည့်မီစွာ တက်ရောက်နိုင်ရမည်။

၃။ သတ်မှတ်လျှောက်လွှာပုံစံနှင့် သင်တန်းဆိုင်ရာ စာရွက်စာတမ်းများကို အမ်ဘီအေ(ညနေပိုင်း)သင်တန်းအတွက် ရန်ကုန်စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ)ရှိ စီမံခန့်ခွဲမှုပညာဌာန၊ အမ်ပီအေ(ညနေပိုင်း) သင်တန်းအတွက် ရန်ကုန်စီးပွားရေးတက္ကသိုလ်(ကမာရွတ်)ရှိ အသုံးချဘောဂဗေဒဌာန (အခန်း-၁၁၂)၊ ဖွံ့ဖြိုးမှုပညာမဟာဘွဲ့(ညနေပိုင်း) သင်တန်းအတွက် ရန်ကုန်စီးပွားရေးတက္ကသိုလ်(ကမာရွတ်)ရှိ ဘောဂဗေဒဌာန(အခန်း-၁၀၆) တို့တွင် ၁၅-၇-၂၀၀၄ ရက်(ကြာသပတေးနေ့)မှစ၍ဝယ်ယူနိုင်ပါသည်။

၄။ ဝင်ခွင့်စာမေးပွဲအတွက်လျှောက်လွှာများကို ၆-၈-၂၀၀၄ရက် (သောကြာနေ့) နောက်ဆုံးထား၍အဆိုပါဌာနများ၌ပင် လာရောက်လျှောက်ထားနိုင်ပါသည်။ နောက်ကျ ရောက်ရှိလာသောလျှောက်လွှာများကို လုံးဝလက်ခံမည် မဟုတ်ပါ။

၅။ ဝင်ခွင့်ရေးဖြေစာမေးပွဲကို ၁၄-၈-၂၀၀၄ ရက်(စနေနေ့)တွင်ကျင်းပပါမည်။

၆။ သင်တန်းနှင့်ပတ်သက်၍ ဖုန်း-၆၆၄၆၈၄၊ ၆၆၁၇၃၆၊ ၅၃၆၄၃၃၊ ၅၃၆၄၃၄၊ ၅၈၁၄၁၅၊ ၅၈၁၄၁၆ တို့တွင်စုံစမ်းနိုင်ပါသည်။

တင်အောင်(မော်ကွန်းထိန်းအဆင့်-၁)၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်။

ကျပြီးစစ်ကြည့် ဆီးချိုရှိ **ဆီးချို** အထူးကု

တစ်ပြည်လုံးရှိ ဆီးချိုဝေဒနာရှင်များအား အသက်ကယ်ပေးနေပါပြီ၊ အနာမကျက်၍ ခြေလက်ဖြတ်ရန်မလိုပါ။ အဆင့်မြင့်ဆေးများဖြင့်ကုသပေးနေပါပြီ။ ဆီးချို၏ နောက်ဆက်တွဲရောဂါများကို ပူးတွဲ၍ ကုသပေးနေပါပြီ။ ဤဆေးခန်းမှ ဆီးချို သွေးချိုရှုနာပေါင်းများစွာကို ကုသ၍ အသက်ကယ်ပေးလိုက်ပြီး ဖြစ်ပါကြောင်း-
သမားတော် စာရေးဆရာ ဝါးခယ်မစိုးမြင့်အောင်(တဆ-၃၃၁၂)

ပြည်လုံးကျွန်းမာဆီးချိုရောဂါအထူးကုတိုင်းရင်းဆေးခန်း

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ခွန်နောင်မြင့်ဝေ(ဘ) ဦးမြင့်ဝေ နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်[၁၂/အစန(နိုင်)၀၂၀၄၇၅]၏ မြန်မာနိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပါ။

အမှတ်၆၆၉(C)၊ မြကန်သာလမ်း၊ (၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်။



FAME Nonicap®

FOREVER GROUP
Professional Digital Graphics Design
Stunning Visual Effects for Digital Video
Advanced Hands-on Training in Maya


Miss Panasonic Battery ဓာတ်ပုံပြိုင်ပွဲ

မြန်မာနိုင်ငံဓာတ်ပုံအသင်းနှင့် Panasonic Battery တို့ ပူးပေါင်းကျင်းပသော ဓာတ်ပုံပြိုင်ပွဲဖြစ်ပါသည်။

ဓာတ်ပုံပညာဖြင့် ရိုက်ကူးသော လှပျိုဖြူများ၏ အလှဓာတ်ပုံများဖြစ်၍ မြန်မာ့ယဉ်ကျေးမှုနှင့် ဆန့်ကျင်သော ပုံများမဖြစ်စေရပါ။ 35 mm Colour Slide Flimဖြင့် ရိုက်ကူးသော SLIDEရောင်စုံဓာတ်ပုံပြိုင်ပွဲဖြစ်၍ တစ်ဦးလျှင် အများဆုံး SLIDE(၆)ပုံအထိ တင်သွင်းယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင် တစ်ဦးလျှင် ဆုကြီး(၁)ဆုနှင့် နှစ်သိမ့်ဆုအရေအတွက် ကန့်သတ်မှုမရှိ ခံစားရယူနိုင်သည်။

ဓာတ်ပုံပြိုင်ပွဲ ဆုကြေးများမှာ ပထမဆု ကျပ်(၃)သိန်း၊ ဒုတိယဆု ကျပ်(၂)သိန်း၊ တတိယဆု ကျပ်(၁)သိန်းနှင့် နှစ်သိမ့်ဆု(၃)ဆု တစ်စုလျှင် ကျပ်(၅)သောင်းနှုန်း ဖြစ်ပြီး ဓာတ်ပုံပြိုင်ပွဲကို မြန်မာနိုင်ငံဓာတ်ပုံအသင်းမှ အကဲဖြတ်(၄)ဦးနှင့် ကုမ္ပဏီမှ (၁)ဦးတို့ဖြင့် ဓာတ်ပုံအသင်းတိုက်တွင် ရွေးချယ်ပါမည်။

ပြိုင်ပွဲဝင် SLIDE များကို (၆–၈–၂၀၀၄)နေ့ ညနေ (၅)နာရီတိတိ နောက်ဆုံးထား၍ မြန်မာနိုင်ငံဓာတ်ပုံအသင်း ရွှေလေ့မျိုးအောင် အတွင်းရေးမှူး (၂၇/၂၉)၊ (၃၅)လမ်း၊ ရန်ကုန်မြို့ ဖုန်း–၃၇၃၁၆၇သို့ ပေးပို့ရပါမည်။ အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံဓာတ်ပုံအသင်းတိုက်သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။

Job Vacancy

(For Local Service only, Salary in Kyats)

We are one of IT Company Base in MICT Park is currently looking for the following positions.

1. Project Engineer /Manager (M) 1 Post
- B.E(E.C) or A.G.T.I(E.C)
- Computer (HW/SW)
- English (Speaking/Writing)
- Minimum 2 years of Experience

2. System Engineer (M/F) 1 Post
- B.E(E.C)or B.C.Sc
- Computer(HW/SW)
- English (Speaking/Writing)
- Minimum 2 years of Experience

3. Administrator (F) 1 Post
- Any Graduate
- Computer Literate
- Other qualification with related field
- Minimum 2 years of Experience

4. Sales Executive (M/F) 3 Post
- University Graduate
- Computer Skill and pleasant personality
- Knowledge in IT Industries is prefer
- Minimum 2 years of Experience

Please submit your detail C.V to the Following address within(2)weeks from this advertisement date. Room-707/708,7th Flr,Tower B,Junction 8, Myaing Hay Wun Condo, 8 Miles, Mayangone Tsp, Yangon. Ph: 662191/ 650979/650774-5-9(Ext:707)

UNI-WIN
STAINLESS STEEL WORLD

ယခင် UNIVERSAL Stainless Steel World ၏ Managing Director ဦးဝင်းက ယနေ့ (15.7.2004) မှစ၍ UNI-WIN Stainless Steel World

Special Discount

Ph: (01) 229265 , 228754 , Fax: 228754 .

ပိုက်တောက်မြေ

ကမ္ဘာလှည့် တင်တင်စိန် (၈)
"မြောပြစမ်းချင်ထိုင်းလင်းတစ်ခွင်"

TOP 243363 705877

ဦးတိုးကျော်
U.F.L
ဝင်ခွင့်ရသင်တန်းများ

အမြန်ရောင်းမည်။
FMI City 60' x 80' RC
2ထပ်၊1MBR,2BR,ရေမီးစုံ
Ext:ph ပါ
ဖုံး –229727,224239

ဂိုဏ်းချုပ်သာသနာလှငယ်တမန်တော်လုပ်ငန်း (ရန်ကုန်)
အေမာ နုအဲလ်
Fishermen , Zone' 3
Aung Doo - Studio D
YINMAR Recording
222, Barr Str. Yangon.
Tape / CD
Father Edwin David Ph - 534 620
Father Edwin David

အများသိစေရန်ကြေညာအပ်ပါသည်

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ဆင်ရေကန်လမ်း၊ အမှတ်(၄၉)၊ (၅)လွှာ(ဘီ)၌ ခေတ္တရောက်ရှိနေထိုင်လျက်ရှိသူ ဒေါ်သိန်းလှိုင်[၁၂/ကမတ(နိုင်)၀၄၂၂၂၁]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ကျွန်ုပ်အမှုသည် ဒေါ်သိန်းလှိုင်၏သားသမီးများဖြစ်ကြသော ဦးမြင့်ဌေး[၁၂/ကမတ(နိုင်)၀၂၆၇၃၂]၊ ဒေါ်ညွှန့်ညွှန့်ဝေ[၁၂/ကမတ(နိုင်)၀၄၃၁၀၀]၊ ဒေါ်ညိုညိုဝေ[၁၂/ကမတ(နိုင်)၀၄၃၂၁၀]နှင့်ဒေါ်သန္တာထွေး[၁၂/ကမတ(နိုင်)၀၄၉၁၆၅]တို့သည် မိခင်ကြီးအား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် အမြဲပြုမူခြင်း၊ မိခင်ကမိမိပိုင်မြေကွက်ပေါ်တွင် အဆောက်အအုံအသစ် ဆောက်လုပ်မည့်ကိစ္စများတွင် မဆောင်ရွက်နိုင်အောင် ဟန့်တားနှောင့်ယှက်ခြင်းများ နေ့စဉ်နှင့်အမျှပြုမူဆောင်ရွက်နေပါသဖြင့် ယနေ့မှစ၍ ဦးမြင့်ဌေး၊ ဒေါ်ညွှန့်ညွှန့်ဝေ၊ ဒေါ်ညိုညိုဝေနှင့်ဒေါ်သန္တာထွေးတို့အား သွာနုတ္တသားသမီးများအဖြစ်သတ်မှတ်ပြီး အမွေစား၊ အမွေခံသားသမီးများအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းတို့အနေဖြင့် မိခင်ကြီးအားဆက်လက်၍ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် နည်းမျိုးစုံဖြင့်ပြုလုပ်ခြင်း၊ မိခင်ကြီးမှဆောက်လုပ်မည့် အဆောက်အအုံပေါ်တွင် အနှောင့်အယှက်ပြုလုပ်ခြင်းတို့ မပြုလုပ်ရန်နှင့် ၎င်းတို့အား နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်နေသူများ၊ အားပေးကူညီမှုပြုလုပ်နေသူများ ရှိပါကလည်း ရပ်တန့်ကရပ်ရန်နှင့် မလိုက်နာပါက ပြုလုပ်သူများ၊ အားပေးကူညီနေသူများကို တည်ဆဲတရားဥပဒေတစ်ရပ်ရပ်အရ ထိရောက်စွာ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။
(မိခင်ဒေါ်သိန်းလှိုင်ထံ စုံစမ်းမေးမြန်းနိုင်ပါသည်။)

ဒေါ်သိန်းလှိုင်၏လွှဲအပ်ညွှန်ကြားချက်အရ–

စင်ထရယ်ဦးခင်မောင်မြင့်
ဥပဒေဘွဲ့နှင့်စီးပွားရေးဆိုင်ရာဥပဒေဒီပလိုမာဘွဲ့ရ
တရားရုံးချုပ်ရှေ့နေ
(ရုံး)အမှတ်–၇(စီ)၊ ၃၄လမ်း(အောက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဒေါ်ခင်ထွေးဝင်း (LL.B)
ဒေါ်အေးအေးမာ(LL.B)
အထက်တန်းရှေ့နေများ

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျောက်ဖြူမြို့၊ အရှေ့ပိုင်းရပ်ကွက်နေ ကျွန်တော်၊ ကျွန်မတို့၏သားဖြစ်သူ မောင်ခင်မောင်စိုး[၁၁/ကဖ(နိုင်)၀၃၄၆၅၃]သည် ၎င်း၏ဆန္ဒအလျောက်ပြုမူသွားပါ၍ ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို(လုံးဝ)လုံးဝတာဝန်မယူပါ။

ဦးသန်းကျော်–ဒေါ်ခင်လှ။

Ruby ☎ 735317, 650823
(24 hours)

ပိရှာ အထူးကုဆေးခန်း

ရွှေဗဟို အထူးကုဆေးခန်းကြီး


ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်တော် မောင်မင်းဇော်အောင် [၁၂/ဗတထ(နိုင်)၀၃၃၉၂၇]နှင့် မမေစုစုခင် [၁၂/မဂတ(နိုင်)၀၀၁၆၃၇] တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် ၄–၇–၂၀၀၄ရက်တွင် နှစ်ဖက်လူကြီးများ၏ ရှေ့မှောက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း။ **မောင်မင်းဇော်အောင်။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးကျော်ဝင်း၏ ဒုတိယတန်းရေယာဉ်အုပ်လက်မှတ် (ဆဒ/၀၃၁–၂၀၀၁)သည် ၁၅–၄–၀၄နေ့က ရွှေပြည်သာမြို့နယ်အတွင်း ပျောက် ဆုံးသွားသဖြင့် တွေ့ရှိက အောက်ပါလိပ်စာအတိုင်း ပေးပို့ပါရန် ပန်ကြားအပ်ပါသည်။

ကိုကျော်ဝင်း (SWE–၀၆၃၃၂၅)၊
[၅/ထခန(နိုင်)၀၁၀၄၀၈]
အမှတ်(၄၂/အေ၊၁၀၃၊အေ၊ဘီ)၊မဟော်ဂနီလမ်း၊စက်မှု(၁)ရပ်ကွက်၊ရွှေပြည်သာမြို့နယ်။

မြဝတီဘဏ်လီမိတက်(ရုံးချုပ်)

အငယ်တန်းစာရေး/ လက်ထောက်ငွေကိုင် ရာထူးရေးဖြေစာမေးပွဲဖြေဆိုခွင့် ရရှိသည့်စာရင်းနှင့် စာမေးပွဲစစ်ဆေးမည့်နေရာ ကြေညာခြင်း

မြဝတီဘဏ်လီမိတက်(ရုံးချုပ်)အတွက် ခေါ်ယူထားသော အငယ်တန်းစာရေး/ လက်ထောက်ငွေကိုင် ရာထူးရေးဖြေစာမေးပွဲစစ်ဆေးခြင်းကို ၂၀၀၄ခု၊ ဩဂုတ်(၁)ရက် (တနင်္ဂနွေ)နေ့တွင် ကျင်းပမည်ဖြစ်ရာ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာဘာသာရပ်များကို နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ မြဝတီဘဏ်(ရုံးချုပ်)၌ ကျင်းပမည်ဖြစ်သည်။

သတ်မှတ်အရည်အချင်းနှင့် ပြည့်မီပြီး ရေးဖြေစာမေးပွဲဖြေဆိုခွင့် ရရှိသူများစာရင်းကို ၂၀၀၄ခုနှစ် ဇူလိုင်လ(၂၀)ရက်တွင် မြဝတီဘဏ်(ရုံးချုပ်)နှင့်(ဘုရင့်နောင်) ဘဏ်ခွဲတို့၌ ကြေညာမည်ဖြစ်သည်။

စာမေးပွဲဖြေဆိုရမည့်ခုံအမှတ်များကို ၂၀၀၄ခုနှစ် ဇူလိုင်လ၂၁ရက်မှ ၂၇ရက်အထိ ရုံးချိန်အတွင်း ကိုယ်တိုင်လာရောက် သတင်းပို့ထုတ်ယူရမည်ဖြစ်သည်။

စာမေးပွဲလာရောက်ဖြေဆိုသူများသည် စာမေးပွဲဖြေဆိုရမည့်နေ့တွင် နိုင်ငံသားစိစစ်ရေးကတ်မူရင်း၊ ပညာအရည်အချင်းအောင်လက်မှတ်မူရင်း၊ အခြေခံပညာအထက်တန်းအောင်လက်မှတ်မူရင်းနှင့် စာမေးပွဲဖြေဆိုခွင့် ကတ်ပြားကို တစ်ပါတည်းယူဆောင်လာရမည်။ စာမေးပွဲနှင့် ပတ်သက်၍ အသေးစိတ်သိလိုပါက မြဝတီဘဏ်လီမိတက်(ရုံးချုပ်)၊ တယ်လီဖုန်းအမှတ် ၃၇၀၅၅၈၊ ၃၇၀၅၆၀၊ ၃၈၀၇၀၃၊ ၃၇၀၅၆၅သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ပရဟိတဂေဟာနှင့်ဘိုးဘွားရိပ်သာများအတွက် အလှူငွေနှင့်ပစ္စည်းများလှူဒါန်းနိုင်ကြောင်း နှိုးဆော်ခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ပြည်နယ်/တိုင်းများရှိ သတ်မှတ်ချက်များနှင့်အညီ အသိအမှတ်ပြုထားပြီးဖြစ်သော လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ(၁၅၀)မှ လူငယ် ၁၃၃၉၁ ဦး၊ မျက်မမြင်ကျောင်းလေးကျောင်းမှ ၃၁၈ ဦး၊ နားမကြားကျောင်းတစ်ကျောင်းမှ ၁၅၆ ဦး၊ ဘိုးဘွားရိပ်သာ ၃၉ ခုမှ ဘိုးဘွား၁၉၁၅ဦးနှင့် စေတနာ့ဝန်ထမ်းအမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း ၁၀ ကျောင်းမှ ၈၀၄ ဦး၊ စုစုပေါင်း စေတနာ့ဝန်ထမ်းအဖွဲ့အစည်း ၂၀၄ ခုမှ လူဦးရေ ၁၆၅၈၄ ဦးကို နှစ်စဉ်ဆန်နှင့်ငွေကြေးများထောက်ပံ့ပေးလျက်ရှိပါသည်။ တာဝန်ယူဆောင်ရွက်လျက်ရှိသော ဘာသာရေးအဖွဲ့အစည်းများ၊ ဘုန်းတော်ကြီးများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများမှလည်း ဘိုးဘွားများ၊ လူငယ်များ၊ မသန်စွမ်းသူများ၏ ဘဝဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာလုပရေးအတွက် ကြိုးပမ်းထမ်းဆောင်လျက်ရှိသော်လည်း ၎င်းတို့အား ပိုမိုကူညီထောက်ပံ့ရန် လိုအပ်လျက်ရှိပါသည်။ သို့ပါ၍ နိုင်ငံတော်မှ ကူညီထောက်ပံ့ပေးသကဲ့သို့ အလှူရှင်၊ စေတနာရှင်များမှလည်း ဆန်၊ ငွေနှင့်ပစ္စည်းများကို အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်းနှင့်လှူဒါန်းရရှိသော ဆန်၊ ငွေနှင့်ပစ္စည်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ တာဝန်ယူခွဲဝေ လှူဒါန်းပေးမည်ဖြစ်ပါကြောင်း နှိုးဆော်အပ်ပါသည်-

(၁) ဦးမောင်ပီ၊ ရုံးအဖွဲ့မှူး၊ ဖုန်း-၆၆၄၃၅၄
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
